# မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့် ရရှိနိုင်မှု၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းများရရှိနိုင်မှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ အကြောင်းအရာများကို လေ့လာဆန်းစစ်ခြင်း

ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ၊ ထားဝယ်မြို့နှင့် ကလေးမြို့တို့ရှိ
မသန်စွမ်းသူများမှ ပူးပေါင်းဆောင်ရွက်သည်။
**New Leaf Research Institute** မှ နည်းပညာဖြင့် ပံ့ပိုးသည်။



၂၀၂၀ ခုနှစ်ဩဂုတ်လတွင် ထုတ်ဝေသည်။

Liberté • Égalité • Fraternité
RÉPUBLIQUE FRANÇAISE

E.C.D.C

# မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့် ရရှိနိုင်မှု၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းများရရှိနိုင်မှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ အကြောင်းအရာများကို လေ့လာဆန်းစစ်ခြင်း

ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ၊ ထားဝယ်မြို့နှင့် ကလေးမြို့တို့ရှိ
မသန်စွမ်းသူများမှ ပူးပေါင်းဆောင်ရွက်သည်။
New Leaf Research Institute မှ နည်းပညာဖြင့် ပံ့ပိုးသည်။

Liberté • Égalité • Fraternité
RÉPUBLIQUE FRANÇAISE

E.C.D.C

# ပြင်သစ်သံအမတ်၏ အမှာစကား

မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ရပ်တည်အရေးဆိုမှုဆိုင်ရာကဏ္ဍတွင် ဒေင် မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံနှင့်အတူတကွ ကြိုးစားဆောင်ရွက်မှုများအတွက် ပံ့ပိုးကူညီရသည်ကို ပြင်သစ်သံရုံးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကမ္ဘာ့နေရာတိုင်းတွင် မသန်စွမ်းသူများသည် ပညာရေး၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ လူမှုကာကွယ်ရေး အစီအစဉ်၊ ဝင်ငွေဖူလုံလောက်ငမှု၊ ခေတ်မီနည်းပညာ အစရှိသည်များကို လက်လှမ်းမီရရှိခံစားအသုံးပြု နိုင်ရန်အတွက် မြောက်များလှစွာသော ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ မသန်စွမ်းသူများသည် အခြားသူများထက် ဆင်းရဲစွာနေထိုင်ရနိုင်ချေ ပိုများပါသည်။ ယခု ကာလအတွင်းတွင် မိမိတို့မှာ Covid-19 ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အကျိုးဆက်၊ တစ်ကိုယ်ရည်သန့်ရှင်းမှုအခြေအနေများကို တိုင်းတာစစ်ဆေး ကြည့်သည့်အခါတွင် ကျွန်ုပ်တို့ သဘောပေါက်လိုက်သည်မှာ ဤကပ်ရောဂါသည် ထိခိုက်ခံစားမှု အလွယ်ဆုံးသောသူများအတွက် ဝန်ထုတ်ဝန်းပိုးများ၊ နောက်ထပ်စိန်ခေါ်မှုများကို ဖန်တီးလိုက်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ၎င်းသည် လူမှုအသိုင်းအဝိုင်းတွင် မညီမျှမှုကို ပိုမိုကြီးထွားစေခဲ့ပါသည်။

ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံမှာပါ ကမ္ဘာ့ကုလသမဂ္ဂ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (UNCRPD)နဲ့ ၎င်းနှင့်သက်ဆိုင်သည့် Protocol ကို သဘောတူလက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် နှစ်နိုင်ငံစလုံးအနေဖြင့် မသန်စွမ်းသူများကို ကာကွယ်ရန်အတွက် သူတို့၏ အခွင့်အရေးများကို သူတို့ရရှိအောင် ဖြည့်ဆည်းပေးရေးကို အာမခံရန်အတွက် ကတိကဝတ်ပြုခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးများကို မြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုကို တိုက်ခိုက်ခြင်း၊ ပိုမိုအကျုံးဝင်သော လူမှုအသိုင်းအဝိုင်းတစ်ခု ဖြစ်လာစေရန်

ဆောင်ရွက်ခြင်းတို့မှာ အရပ်ဘက်လူမှုအဖွဲ့ကို ပြင်သစ်သံရုံးမှပံ့ပိုးရသည့် ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။

ဒေင်ရိပ်မြုံနှင့် ကျွန်ုပ်တို့ လက်တွဲဆောင်ရွက်နေသော မူဘောင်အတွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ (၂၆) ဦးကို စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းပေးခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် သုတေသနတစ်ခုကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ သုတေသနမှ ထွက်ရှိခဲ့သည့် အချက်များသည် မသန်စွမ်းသူများ ကျောင်းပညာရေးရရှိရေးအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိရေးတို့တွင် ကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများပင် ဖြစ်သည်။ ဤစာအုပ်သည် မသန်စွမ်းမှုနှင့် သက်ဆိုင်သည့် အလင်းတစ်ခုကို ဖြန့်ကျက်ပေးမည် ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အခြေအနေများကို ပိုမိုသိရှိနားလည်လာမည် ဖြစ်ပါသည်။ မသန်စွမ်းသူများ ကြုံတွေ့နေရသော အခက်အခဲ၊ အတားအဆီးများကို ကျော်လွှားနိုင်ရန် ကူညီပံ့ပိုးပေးသည့် ကျွန်ုပ်တို့ပူးတွဲထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကိုလည်း တောင်းဆိုနေပါသည်။

✍✍✍✍✍✍✍

# ကျေးဇူးတင်လွှာ

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံမှ အသေးစားသုတေသန ပြုလုပ်ခြင်းအတွက် ငွေကြေး ထောက်ပံ့ပေးသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံရုံးအား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ အထူးပင်ကျေးဇူးတင်လိုသည်မှာ ECDC ၏ မန်နေးဂျင်းဒါရိုက်တာ ဦးထာအုပ်ဖြစ်ပါသည်။ သူ၏အားဖြည့်ပေးမှု၊ လမ်းညွှန်မှုများနှင့်စပ်လျဉ်းပြီး မသန်စွမ်းမှု ဆိုင်ရာနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အကြောင်းအရာများကို ဤသုတေသနအတွက် ဦးစီးဦးဆောင်မှု ပြုခဲ့သောကြောင့်ဖြစ်ပါသည်။

သုတေသနအစီရင်ခံတစ်ခုလုံး ရေးသားပြုစုရာတွင် ပံ့ပိုးကူညီခဲ့သော Dr. Lian Kual Sang (Research Consultant) အား သူ၏ ဆောင်ရွက်ပေးမှု၊ စိတ်ရင်းစေတနာအပြည့်ဖြင့် ဤသုတေ သနတစ်ခုလုံးတွင်ပါဝင်အားပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်များပေးမှုတို့အတွက် များစွာကျေးဇူး တင်ရှိပါကြောင်းဖော်ပြလိုပါသည်။

ဤလေ့လာမှုတွင် အခက်အခဲများရှာဖွေဖော်ထုတ်ခြင်း၊ ဒီဇိုင်းပြုလုပ်ခြင်းမှ အစီရင်ခံစာ ရေးသားသည်အထိ (အချက်အလက်များစုဆောင်းခြင်းနှင့် အသံဖိုင်မှ တဆင့်စာဖြင့် ကူးရေးခြင်း အစရှိသဖြင့်) စိတ်တစ်လုံးတစ်ဂတည်းဖြင့် ပူးပေါင်းပါဝင်ခဲ့ကြသည့် ဒေင်မှ သုတေသန အဖွဲ့သားများဖြစ်ကြသော ချစ်ငြိမ်းသူ၊ သက်အောင်၊ နော်ဟဲခလေး၊ စန်းသီတာ၊ အေးသီတာလှိုင် နှင့်လေးလေးနိုင်တို့အား များစွာကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ကလေးမြို့မှ မြင့်သူ၊ မျိုးမင်းဦး၊ မော်နီကာ၊ ထူးထူးမွန်၊ နေနွယ်လှိုင်း၊ ကူနီး၊ အောင်နိုင်ထွန်း၊ ထားထား၊ ဟိတ်ချွန်းနှင့် ပြည့်ဖြိုးအောင်တို့အား စေတနာ့ဝန်ထမ်းများ အဖြစ် တက်ကြွစွာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ပေးပြီး တစ်ဦးခြင်းတွေ့ဆုံမေးမြန်းရာတွင် လည်းကောင်း၊ အုပ်စုဖွဲ့ဆွေးနွေးရာတွင်ငင်း၊ တွေ့ဆုံမေးမြန်းပေးခဲ့ကြသောကြောင့် ကျေးဇူးတင် အသိအမှတ်ပြုအပ်ပါသည်။ ထိုနည်းတူစွာပင် ထားဝယ်မြို့မှ ဒေါ်တင်လှ၊ အောင်သန်းဇော်၊ အောင်ကိုဦး၊ ဦးမိုးအေး နှင့် တိုးနှင်းစက်တို့အား မှတ်တမ်းတင်ရာတွင်၊ တစ်ဦးခြင်းမေးမြန်းခြင်း၊

အုပ်စု ဖွဲ့မေးမြန်းခြင်းတို့တွင် စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင်ပေးပါသောကြောင့် များစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မသန်စွမ်းသူများ၊ သူတို့၏မိသားစုဝင်များ၊ အငြိမ်းစားကျောင်းအုပ်များအပါအဝင် ပင်မကျောင်းမှ ဆရာ-ဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များအား မေးခွန်းများ အကောင်းဆုံးဖြေကြားပေးခြင်း၊ မေးခွန်းများနှင့်ဆီလျှော်သည့် အချက်အလက်များကိုပံ့ပိုးပေးသည့်အတွက် အထူးပင်ကျေးဇူး တင်ပါသည်။ သူတို့၏ပူးပေါင်းပါဝင်မှုမရှိဘဲ ဤသုတေသနသည် အောင်မြင်စွာပြီးမြောက်မည် မဟုတ်ပါ။ နောက်ဆုံးအနေဖြင့်ဆရာမ ဒေါ်ဌေလန်းနော်(န်)ခါးအား သုတေသနသင်တန်းတွင် သင်တန်းပို့ချသူအဖြစ် ပါဝင်ခဲ့သည့်အတွက်လည်းကောင်း၊ Dr.MarkBrown အား ဖြစ်စဉ် လေ့လာမှု ဒီဇိုင်းတွင်ပါဝင်၍ အကြံပေးခဲ့သည့်အတွက်လည်းကောင်း အထူးပင်ကျေးဇူးတင် ရှိပါသည်။

သုတေသနအဖွဲ့
ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ

# မန်နေးဂျင်းဒါရိုက်တာ၏ အမှာစကား

ECDC မှ မသန်စွမ်းမှုနှင့်ပတ်သက်သည့်ဤသုတေသနကို၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားစိုက်ထုတ်ပြီး မိတ်ဆွေများ၊ အလှူရှင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ "New Leaf Research Institute" ကဲ့သို့သော မိတ်ဖက်အဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့်၊ ဦးစီးလုပ်ဆောင်လျက်ရှိပါသည်။ သူတို့၏ အားပေးပံ့ပိုးမှု၊ ပူးပေါင်းပါဝင်မှုမရှိဘဲ၊ ကျွန်ုပ်တို့ ကိုယ်တိုင်ဤကဲ့သို့သော သုတေသနကို ပြုလုပ်နိုင်မည်မဟုတ်ပါ။ ECDC သုတေသနအဖွဲ့အနေဖြင့် သုတေသနနယ်ပယ်တွင် သင်ယူဆည်းပူးခွင့်ရသည့်အတွက် New Leaf Research Institute ကို ကျေးဇူးအထူးတင်ရှိပါသည်။

မြန်မာနိုင်ငံသားများဖြစ်သော မသန်စွမ်းသူများ၏ အမှန်တကယ်ဖြစ်ပျက်နေသော အခြေအနေကိုဖော်ပြသည့် ယုံကြည်စိတ်ချရသော စာရွက်စာတမ်းများ၊ အချက်အလက်များ ရရှိရန်နှင့် မသန်စွမ်းသူများ အကျုံးဝင်လာစေရန် အစီအစဉ်များရေးဆွဲချမှတ်ရေးအတွက် အရေးပေါ်အထူးလိုအပ်လျက်ရှိပါသည်။

ဤအသေးစားသုတေသနလေးတွင် ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြသူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ဤသုတေသနသည် အထက်တွင်ဖော်ပြထားသော ရည်ရွယ်ချက်များ၊ လိုအပ်ချက်များနှင့် ပတ်သက်၍ အသုံးဝင်သော သတင်းအချက်အလက်များကိုပေးမည်ဟုလည်း ယုံကြည်ပါသည်။ လူကြီးမင်းတို့၏ တန်ဖိုးရှိလှသောတုံ့ပြန်မှုများကိုလည်း ဖိတ်ခေါ်ရင်းကြိုဆိုအပ်ပါသည်။

ထာအုပ်<br>
မန်နေးဂျင်းဒါရိုက်တာ<br>
ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ

# အကြံပေးပုဂ္ဂိုလ်ထံမှအမှာစကား

ကျွန်တော်သည် ECDC သုတေသနအဖွဲ့နှင့် (၂) နှစ်ကျော်ကြာ ရင်းနှီးစွာ လက်တွဲပြီး အလုပ်လုပ်ခဲ့ဖူးပါသည်။ ဤအဖွဲ့အား သုတေသနပြုလုပ်ရာတွင် ကျွမ်းကျင်မှုပြည့်စုံစေရန်၊ သူတို့နှင့်အတူတကွ လက်တွဲလုပ်ဆောင်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဤအဖွဲ့သည် ကောင်းမွန်သောသုတေသနတစ်ခုတွင် လိုအပ်သည့်ဒီဇိုင်း၊ အချက်အလက်များကောက်ယူခြင်း၊ စုဆောင်းခြင်း၊ စီစစ်သုံးသပ်ခြင်း၊ အစီရင်ခံစာရေးသားခြင်းစသည့် ကျွမ်းကျင်မှုများနှင့် အရည်အချင်းများ စဉ်ဆက်မပြတ် တိုးတက်လာမည်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပါသည်။

ဤသုတေသနအားဖြင့် စာဖတ်သူများသည်၊ ယခုလက်ရှိရေပန်းစားနေသော မသန်စွမ်းသူတို့၏ဘဝ၊ အထူးသဖြင့် သူတို့ရင်ဆိုင်ကြုံတွေ့နေရသော အတားအဆီးများဖြစ်သည့် ပညာရေး၊ သင်တန်းနှင့် အလုပ်အကိုင်ရရှိခြင်းစသည်တို့ကို ပိုမိုနားလည်လာနိုင်စေရန်အတွက် အခွင့်အရေးတစ်ခု ဖြစ်လာပါသည်။ ဤစာတမ်းငယ်သည် အတားအဆီးများအား မည်ကဲ့သို့ကျော်လွှားရမည်ဆိုသည့် ဖြစ်နိုင်ခြေများကိုလည်းအကြံပြုထားပါသည်။

ဒေါက်တာလျန်ကူ(လ်)ဆန်

သုတေသီ၊လူ့စွမ်းအားအရင်းအမြစ်၊

ခေါင်းဆောင်မှုဆိုင်ရာအကြံပေးနှင့် ကထိက

# အမှာစာ

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံသည် ဤသုတေသနစာတမ်းကို ပညာရပ်ဆိုင်ရာ စာတမ်းမျိုးမဟုတ်ဘဲ ကလေးမြို့နှင့်ထားဝယ်မြို့ရှိ မသန်စွမ်းသူများအတွက် စည်းရုံးလှုံ့ဆော် ရေးကိရိယာအဖြစ်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်လှုံ့ဆော်ရန် ကြိုးပမ်းအား ထုတ်ရာတွင် အထောက်အပံ့တစ်ခုအဖြစ်လည်းကောင်း ရည်ရွယ်သည်။ မကြာသေးမီက မြန်မာအစိုးရသည် မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ လူမှုရေးအကျိုးဝင်မှုဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် မဟာဗျူဟာစီမံကိန်းများကို လက်ခံကျင့်သုံးခဲ့သည်။ သို့ရာတွင် ထိုဥပဒေများ၊ နည်းဥပဒေများနှင့် အမျိုးမျိုးသော စီမံကိန်းများသည် လက်တွေ့တွင် ထင်ဟပ်နိုင်ခြင်းမရှိသေးပါ။ မသန်စွမ်း သူများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများ အမှန်တကယ် ရရှိနိုင်စေရန် ရည်ရွယ်ချက်ထား၍ ကိုယ်တိုင်စည်းရုံး လှုံ့ဆော်မှု ပြုလုပ်ရန်လိုအပ်ပြီး၊ မိမိတို့၏ လက်ရှိအခြေအနေကို ထုတ်ဖော် ပြောဆိုခြင်းနှင့် ထုတ်ပြန်ထားသော ဥပဒေများ၊ မူဝါဒများနှင့်အညီ ထိုလိုအပ်ချက်များကို မည်သို့ဖြေရှင်းသင့်ကြောင်း အကြံပြုချက်များပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် အောက်ခြေ အဆင့်ရှိ လက်ရှိမသန်စွမ်းမှုအခြေအနေကို ထင်ဟပ်စေနိုင်သော သုတေသန စာတမ်းများသည် အခြားနိုင်ငံများနှင့်နိုင်းယှဉ်လျှင် အကန့်အသတ်ဖြင့်သာရှိနေပါသေးသည်။ ECDC သည် ဤအသေးစား သုတေသနပြုလုပ်ခဲ့ခြင်းမှာ ထိုကွာဟချက်ကို ဖြည့်ဆည်းရန်အတွက် ရည်ရွယ် ပါသည်။

# မာတိကာ


ပြင်သစ်သံအမတ်၏ အမှာစကား ........ i

ကျေးဇူးတင်လွှာ ........ iii

မန်နေးဂျင်းဒါရိုက်တာ၏ အမှာစကား ........ v

အကြံပေးပုဂ္ဂိုလ်ထံမှအမှာစကား........ vi

အမှာစာ ........ vii

သုတေသနအကျဉ်းချုပ် ........ 1

နောက်ခံအကြောင်းအရင်း ........ 5

ဤလေ့လာမှု၏ပြဿနာအသေးစိတ်ဖော်ပြချက် ........ 7

လေ့လာမှုသဘောတရားဆိုင်ရာမူဘောင် ........ 11

လေ့လာမှု ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် အဓိကမေးခွန်းများ ........ 14

နယ်နိမိတ်ကန့်သတ်ချက်နှင့် သုတေသနပုံစံနည်းလမ်းများ........ 15

အချက်အလက်များကို စီစစ်လေ့လာခြင်း ........ 20

သုတေသနလုပ်ငန်း၏ကျင့်ဝတ်ဆိုင်ရာကဏ္ဍများ........ 21

လေ့လာရာတွင် တွေ့ရှိရသော အကန့်အသတ်များ........ 22

သုတေသနလေ့လာမှုမှတွေ့ရှိချက်များ ........ 23

နိဂုံးချုပ်နှင့်အကြံပြုချက်များ........ 50

မှီငြမ်းကိုးကားထားသော စာတမ်းများ ........ 52

တွေ့ဆုံးမေးမြန်းသည့် မေးခွန်းများ ........ 54

## သုတေသနအကျဉ်းချုပ်

မြန်မာနိုင်ငံအတွင်းရှိမသန်စွမ်းအများစုသည် အလုပ်အကိုင်ရရှိမှုနှင့်ပတ်သက်ပြီး စိန်ခေါ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အကြောင်းမှာ ပညာရေးအလုံအလောက် မရရှိခဲ့ခြင်းကြောင့်ဖြစ်ပြီး အလုပ်လျှောက်ထားရာတွင် အရေးကြီးသောစံနှုန်းဖြစ်ပါသည်။ ပညာရေးစနစ်များသည် (ပညာရေးစနစ်ဟောင်း၂၀၁၅မတိုင်မီနှင့် စနစ်သစ်၂၀၁၅နောက်ပိုင်း) မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားမှုအားနည်းခြင်းကြောင့် အတားအဆီးများဖြစ်လာပြီး ပညာရေးကို ဆုံးခန်းတိုင်အောင် မရရှိခဲ့ပါ(ဘွဲ့ရသည်အထိ)။

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်ကတည်းက ကမ္ဘာ့ကုလသမဂ္ဂက မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အစိုးရသည် မသန်စွမ်းသူများအခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် လူတိုင်းအကျုံးဝင်ပညာရေးနှင့်ပတ်သက်သည့် ဥပဒေများကို ၅ နှစ်အတွင်း အတည်ပြုပြဌာန်းခဲ့ပါသည်။ ထို့အပြင် အမျိုးသားပညာရေးမဟာဗျူဟာအစီအစဉ် (NESP) (၂၀၁၆-၂၀၂၁) နှင့် အမျိုးသားမဟာဗျူဟာဖြစ်သည့် စာသင်စွာပြုစုပျိုးထောင်ခြင်း (၂၀၁၇-၂၀၂၂) ကဲ့သို့သော အမျိုးသားမဟာဗျူဟာစီမံကိန်းတို့ကိုကို အတည်ပြုပြဌာန်း ခဲ့ပါသည်။

ပညာရေးစနစ်သည် မသန်စွမ်းကလေးများ ပင်မကျောင်းပညာရေးကို အခြားသော ကလေးများနှင့် တန်းတူရရှိဖို့ရန်အတွက် ယခုတိုင် တာဝန်ယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။ အခြားတဖက်မှာလည်း မြေပြင်ရှိပညာရေးစနစ်များသည် ပင်မပညာရေးတွင် လက်လှမ်းမှီစွာနှင့် အချိတ်အဆက်မိမိ သင်ကြားနိုင်ခြင်းမှ မသန်စွမ်းကလေးများကို ဖယ်ကျဉ်ထားခဲ့ဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အခြားသောမြို့နယ်များမှမသန်စွမ်းသူများကဲ့သို့ ကလေးမြို့နှင့် ထားဝယ်မြို့ရှိ မသန်စွမ်းသူများတို့သည် ကျောင်းသားဘဝတွင် ပညာရေးစနစ်ကြောင့် အတားအဆီးများနှင့်ရင်ဆိုင်ရပြီး နောက်ဆက်တွဲအကျိုးဆက်မှာ ပညာရေး လုံလောက်စွာ မရရှိခဲ့သောကြောင့် မသန်စွမ်းအများစုသည် အလုပ်အကိုင် မရရှိတော့ပါ။

ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ ပင်မကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကို လက်လှမ်းမီစွာနှင့် ချိတ်ဆက်မိမိမရရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို စူးစမ်းလေ့လာရန်ဖြစ်ပါသည်။ နောက်ထပ်တစ်ခုမှာ ဤလေ့လာတွေ့ရှိမှုမှ မသန်စွမ်းသူများ မည်မျှအတိုင်းအတာအထိ ပင်မကျောင်းပညာရေးရရှိခြင်း၊ အတားအဆီးများကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်ပြီး၊ ပညာရေးလုံလောက်စွာမရရှိခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းကို ရိုက်ခတ်ခြင်းတို့နှင့် ဆက်စပ်မှုရှိသည်ဆိုသည့်အရာများဖြစ်ပါသည်။

မသန်စွမ်းမှုနှင့်လက်လှမ်းမီရယူသုံးစွဲနိုင်မှုဆိုင်ရာသုတေသနများကို ရွေးချယ်ထားသော မြို့နယ်(၂)ခု စလုံးတွင် တစ်ခါမှုပြုလုပ်ခဲ့ခြင်း မရှိပါ(ကလေးမြို့၊ ထားဝယ်မြို့)။ ဤသုတေသနသည် ပထမဦးဆုံးဖြစ်ပြီး ယခုရေပန်းစားနေသော မသန်စွမ်းသူတို့၏ ပညာသင်ကြားမှုဆိုင်ရာ အခွင့်အရေး၊ သင်တန်းများနှင့် အလုပ်အကိုင်ရရှိရေးတို့ကို ရှေးရှုပြီး စူးစမ်းလေ့လာရန်အတွက် ရည်ရွယ်ပါသည်။

ဤလေ့လာမှုသည် အရည်အသွေးစံပြုသုတေသနချဉ်းကပ်နည်းဖြင့် ပြုလုပ်သွားပါသည်။ ဤလေ့လာမှု၏ တွေ့ဆုံမေးမြန်းခဲ့သူများမှာ ၁) အသက် ၁၈ နှစ်မှ ၆၀ နှစ်အတွင်း မသန်စွမ်းသူများ၊ ၂) မသန်စွမ်းသူများ၏ မိသားစုဝင်များ၊ ၃) လက်ရှိတာဝန်ထမ်းဆောင်နေသော ပင်မကျောင်းဆရာ/မများ၊ မြို့နယ်နှစ်မြို့နယ်လုံးမှ ပင်စင်ယူသွားသော ကျောင်းအုပ်ဆရာ/မကြီးများ၊ ၄) စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပါသည်။ ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများကို ရည်ရွယ်ချက်ထား၍ရွေးချယ်သော ဦးတည်အုပ်စုဖြစ်ပါသည်။ ထိုနည်းလမ်းသည် ဖြစ်နိုင်ခြေစွမ်းနည်းလမ်းများထဲမှ တစ်ခုဖြစ်ပါသည်။ ဤရွေးချယ်မှုအမျိုးအစားသည် ဦးတည်အုပ်စုတစ်ခုအတွက် နမူနာများကို အလျင်အမြန်ရရှိရန် လိုအပ်သော အခြေအနေများအတွက် အလွန်အသုံးဝင်သည်။

ကလေးမြို့နှင့် ထားဝယ်မြို့၊ နှစ်မြို့စလုံးတွင် မသန်စွမ်းသူအနည်းစုမျှသာ အခြေခံပညာအထက်တန်းကို အောင်မြင်ခဲ့ပြီး တက္ကသိုလ်မှဘွဲ့ရရှိခဲ့ပါသည်။ မသန်စွမ်းသူအများစုသည်

ပညာရေးစနစ်များတွင် မသန်စွမ်းမှုကိုဖြစ်စေသည့် အမျိုးမျိုးသော အတားအဆီးများကြောင့် ဖယ်ကြဉ်ထားသဖြင့် ကျောင်းတွင်ပညာရေးကို အခြားကလေးများနှင့်တန်းတူ ဆုံးခန်းတိုင်အောင် မရရှိ၊ မပါဝင် နိုင်ခဲ့ကြပါ။

မသန်စွမ်းကလေးများအတွက် အတားအဆီးနှင့်ပတ်သက်ပြီး ပင်မကျောင်းပညာရေးတွင် ချိတ်ဆက်မိမိနှင့် လက်လှမ်းမှီ စွာသင်ကြားနိုင်မှုတွင် ကျောင်းအဆောက်အအုံများနှင့် ကျောင်းအိမ်သာများသည် မသန်စွမ်းကလေးများ အဆင်ပြေလွယ်ကူစွာ သုံးစွဲနိုင်ရာတွင် ပညာရေးစနစ်မှ တာဝန်ယူရာ၌ ကန့်သတ်ထားခဲ့ခြင်းဖြစ်ပါသည်။ အစိုးရသည် ပညာရေးတွင် လှုပ်ရှားသွားလာရေးဆိုင်ရာ စိန်ခေါ်မှုကို ရင်ဆိုင်နေရသောကလေးများအတွက် လမ်းပန်းဆက်သွယ်ရေးကို စီစဉ်ဆောင်ရွက်ပေးသည့် အစီအစဉ်များ ယခုအချိန်အထိ ပြုလုပ်ထားခြင်းမရှိပါ။ အမည်ခံမျှသာဖြစ်သောစနစ်များသည် သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းအတွက်လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ပံ့ပိုးမှုပျက်ကွက်ခဲ့သောကြောင့် မသန်စွမ်းကလေးများ ကျောင်းတက်ရန်အတွက် အတားအဆီးများထဲမှ တစ်ခု ဖြစ်ပါသည်။

မသန်စွမ်းသူများအတွက် ပင်မကျောင်းပညာရေးကိုရရှိစေရန် အခြားသောအတားအဆီးများမှာ အထူးလိုအပ်ချက်ရှိသောကလေးများကို သင်ကြားပေးမည့်ဆရာ/မများ၏အရေအတွက် မလုံလောက်ခြင်းကြောင့်ဖြစ်ပြီး မသန်စွမ်းကလေးများကိုယ်တိုင်မှလည်း လူမှုရေးပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှု၏ အကျိုးသက်ရောက်မှုအဖြစ် သိမ်ငယ်စိတ်များရှိနေခြင်း၊ မသန်စွမ်း ကလေးများအား မသန်စွမ်းမှုဆိုင်ရာအသိပညာပေးခြင်းနှင့်အလွန်လိုအပ်သည့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ပံ့ပိုးပေးသောစနစ်များမရှိခြင်း၊ အစိုးရအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ မူဝါဒများနှင့် ပတ်သက်ပြီး အသိပညာပေးမှုမရှိခြင်း၊ မသန်စွမ်းကလေးများအတွက် အကျိုးခံစားခွင့်မရှိခြင်း၊ ခွဲခြားဆက်ဆံမှုရှိမြဲရှိနေသည်။ လူမှုရေးစနစ်နှင့် သူတို့၏အသက်အရွယ်နှင့် ကိုက်ညီသည့် စာသင်ခန်းများမရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများရှိခြင်းတို့ဖြစ်ပါသည်။

မသန်စွမ်းသူများသည် ပညာရေးနှင့်ပညာသင်နှစ်များကို ပြီးပြည့်စုံအောင် မစွမ်းဆောင်နိုင်ခြင်း၏ ရလဒ်မှာ သူတို့၏ သိမ်ငယ်စိတ်များရှိနေခြင်း၊ ဘယ်လိုအလုပ်မျိုးကို ဘယ်လိုရှာဖွေရမည်

ဆိုသော ဗဟုသုတမရှိခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ တွက်ချက်ခြင်းနှင့် ပြောဆိုဆက်ဆံရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှုများမရှိခြင်း၊ အလုပ်နှင့်သင့်တော်ကိုက်ညီမည့် နည်းပညာကျွမ်းကျင်မှုမရှိခြင်းနှင့် မသန်စွမ်းသူများကိုယ်တိုင် စိတ်ဓါတ်တက်ကြွမှုမရှိခြင်းတို့ဖြစ်ပါသည်။

ပညာရေးစနစ်ကဲ့သို့ မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိရေးစနစ်သည် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် ဘယ်သောအခါမှ ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါ။ မသန်စွမ်းသူများအားအလုပ်မှာသော်လည်းကောင်း၊ လုပ်ငန်းခွင်များတွင်လည်းကောင်း၊ ဗိုလ်ကျအနိုင်ကျင့်ခြင်းများမှကာကွယ်ပေးထားသည့် လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ မရှိပါ။ ထို့အပြင်မသန်စွမ်းမှုဆိုင်ရာနှင့် အလုပ်အကိုင်ရရှိခြင်းဆိုင်ရာ အကျုံးဝင်ခြင်းများ အလုပ်ရှင်များကိုအသိပညာပေးခြင်းအစီအစဉ်များနှင့် အလုပ်ရှင်များကို ဦးတည်သည့် အလုပ်အကိုင်ရရှိခြင်းဆိုင်ရာ အကျုံးဝင်ခြင်းများမရှိခြင်း (သို့) အလွန်အကန့်အသတ်များ ရှိနေပါသည်။ မသန်စွမ်းသူများအတွက် သင့်လျော်သောနေရာထိုင်းခင်းများ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်သော အဆောက်အအုံများနှင့် လမ်းပန်းဆက်သွယ်ရေး အစီအစဉ်များအား ပံ့ပိုးပေးရာတွင်တရားဝင်သေချာအောင် ပြုလုပ်ပေးရန် မရှိမဖြစ်လိုအပ်ပါသည်။

အလေးအနက်အကြံပြုလိုသည်မှာ -

- ပညာရေးဝန်ကြီးဌာနသည် ကလေးများ လိုအပ်ချက်ကို အခြေခံသော၊ သင်ယူသူ၏လိုအပ်ချက်ကို အခြေခံသောပညာရေးစနစ်ဖြစ်လာရေးကိုရည်ရွယ်ပြီး မြေပြင်တွင်အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ကို ပိုမိုအားကောင်းလာစေရေးကိုအထူးတလည် လုပ်ဆောင်သင့်ပါသည်။
- ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အပိုဒ်(၈) အရမသန်စွမ်းမှုဆိုင်ရာအမြင်သစ်အပေါ်အခြေခံပြီး အစိုးရအနေဖြင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကိုပစ်မှတ်ထားကာ အသိပညာပေးမြှင့်တင်ပေးခြင်းများအား အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

- မြန်မာနိုင်ငံရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုစုပျိုးထောင်ရေး မူဝါဒ၏ မဟာဗျူဟာ (၃) ကို ပိုမိုအားကောင်းလာစေရန် လိုအပ်နေပြီး စောလျှင်စွာ ပြုစုစောင့်ရှောက်ခြင်း ဝန်ဆောင်မှုဖြစ်သည့် မွေးစမှ ၅ နှစ်ရှိကလေးများ ဘက်စုံဖွံ့ဖြိုးမှု အားကောင်းလာစေရန်အတွက် လုပ်ဆောင်သင့်ပါသည်။
- အလုပ်ခန့်အပ်ခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာအရေးဆိုမှု လုပ်ငန်းစဉ်များနှင့် သင်တန်းများကို မသန်စွမ်းသူများ သာမက အလုပ်ရှင်၊ ကုမ္ပဏီများကိုပါ ပစ်မှတ်ထား တိုးချဲ့လုပ်ဆောင်သင့်ပါသည်။

## နောက်ခံအကြောင်းအရင်း

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်ကတည်းက ကမ္ဘာ့ကုလသမဂ္ဂက မသန်စွမ်းသူများ အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အစိုးရသည် ၂၀၁၅ခုနှစ် ဇွန်လ(၅)ရက် နေ့တွင် မသန်စွမ်းသူများ အခွင့်အရေးဥပဒေ၊ ၂၀၁၇ခုနှစ် ဒီဇင်ဘာ(၂၇)ရက်နေ့တွင် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၅ခုနှစ် ဇွန်လ (၂၅)ရက် နေ့တွင် အမျိုးသား ဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံရှေးဦး ရွယ်ကလေး သူငယ်ပြုစုစောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးခြင်းဆိုင်ရာ မူဝါဒကို စတင်အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် အမျိုးသားပညာရေးမဟာဗျူဟာအစီအစဉ် (NESP) (၂၀၁၆-၂၀၂၀) နှင့် အမျိုးသား မဟာဗျူဟာဖြစ်သည့် စောလျှင်စွာပြုစုပျိုးထောင်ခြင်း (၂၀၁၇-၂၀၂၂)များကို အတည်ပြုပြဋ္ဌာန်း ခဲ့ပါသည်။

ဒေင်ရိပ်မြို့မှ ၂၀၁၁ ခုနှစ်တွင် ကလေးမြို့၌ မသန်စွမ်းမှုဆိုင်ရာများကို EU ၏ ငွေကြေး ထောက်ပံ့မှုဖြင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးစီမံကိန်း(၂)ကိုပြုလုပ်ခဲ့ပါသည်။ မသန် စွမ်းမှုဆိုင်ရာအသိပညာမြှင့်တင်ပေးခြင်းများသည် ထိုအချိန်ကတည်းကရှိခဲ့ပါသည်။ ထိုစီမံကိန်း (၂)ခုအားဖြင့် ကိုယ့်အားကိုယ်ကိုးအဖွဲ့များဖွဲ့စည်းလာပြီး ယနေ့အထိတိုင် လှုပ်ရှားဆောင်ရွက် နေဆဲရှိပါသည်။ ထိုကိုယ့်အားကိုယ်ကိုးအဖွဲ့များသည် မသန်စွမ်းသူများ၏ အခွင့်အရေးမြှင့်

တင်ရန်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ခဲ့ကြပါသည်။ သူတို့သည် ဒေင်ရိပ်မြို့မှ စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများကိုရရှိခဲ့ပါသည်။ မသန်စွမ်းဖွံ့ဖြိုးရေး ရှေ့ဆောင်အဖွဲ့ DDI သည် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

မတူခြားနားစွာ ၂၀၁၈ ခုနှစ်တွင် ဒေင်ရိပ်မြို့မှ ထားဝယ်မြို့တွင် ကနေဒါသံရုံး၏ (CFIL) ငွေကြေးထောက်ပံ့မှုဖြင့် မသန်စွမ်းမှုဆိုင်ရာစီမံကိန်းကို ပြုလုပ်ခဲ့ပါသည်။ ဤစီမံကိန်းသည် ခြောက်လတာကာလဖြစ်ပါသည်။ ထားဝယ်မြို့တွင်ရှိသော မသန်စွမ်းသူများသည် မသန်စွမ်းမှုဆိုင်ရာ သဘောတရားနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများကို မရရှိခဲ့ကြပါ။ သူတို့သည် လူမှုရေးဆိုင်ရာ အကျုံးဝင်ခြင်းလုပ်ငန်းစဉ်များနှင့် မသန်စွမ်းသူများအား မည်ကဲ့သို့ကူညီရမည်ဆိုသည့် သင်တန်းကိုသာရရှိခဲ့ကြပါသည်။ ထားဝယ်မြို့ လူမှုအဖွဲ့အစည်းတွင် ဒေင်ရိပ်မြို့မှအပ မသန်စွမ်းအရေးကိစ္စများကို လုပ်ဆောင်နေသော မည်သည့်အုပ်စု (သို့) အဖွဲ့အစည်းမှ မရှိကြပါ။

မသန်စွမ်းမှုနှင့်ပတ်သက်ပြီး ရင်းနှီးကျွမ်းဝင်မှုရှိသော လူမှုအဖွဲ့အစည်း - ကလေးမြို့တွင်ရှိသော လူမှုအဖွဲ့အစည်းသည် ထားဝယ်မြို့တွင်ရှိသော လူထုအဖွဲ့အစည်းထက် မသန်စွမ်းမှုဆိုင်ရာ အစီအစဉ်များနှင့် မသန်စွမ်းအရေးကိစ္စများကို ပိုမိုရင်းနှီးမှုရှိကြပါသည်။ အကြောင်းမှာ ကလေးမြို့တွင်ရှိသော လူမှုအဖွဲ့အစည်းများသည် ကိုယ့်အားကိုယ်ကိုးအစီအစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အစီအစဉ်များ၊ မသန်စွမ်းမှုနှင့်ဆက်စပ်သော သင်တန်းများစွာတွင် ပါဝင်ခဲ့ပြီးသောကြောင့် ဖြစ်ပါသည်။ သို့သော် ထားဝယ်မြို့တွင်မူကား ဒေင်ရိပ်မြို့မှ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို တစ်ကြိမ်သာပြုလုပ်ခဲ့ရပါသည်။

## ဤလေ့လာမှု၏ပြဿနာအသေးစိတ်ဖော်ပြချက်

မြန်မာနိုင်ငံအစိုးရသည် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ၊ နည်းဥပဒေများနှင့် အကျုံးဝင် ပညာရေးနှင့်သက်ဆိုင်သော ဥပဒေများကို ဥပဒေပြု ပြဌာန်းခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအတွင်းရှိ အခန်း(၁၀)တွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို မည်ကဲ့သို့တိုးမြင့်ရမည်ကို ဖော်ပြထားပါသည်။ ထိုအခန်းတွင် မသန်စွမ်း သူများနှင့် အလုပ်သမားများ၏ အခွင့်အရေးဥပဒေအပေါ် အမျိုးသားကော်မတီ၏ တာဝန် ဝတ္တရားများမှာ မသန်စွမ်းသူများသည် သန်စွမ်းသူများနှင့်တန်းတူညီမျှ အလုပ်အကိုင် အခွင့် အလမ်းများကို လက်ခံရရှိရမည်ဟု ရှင်းလင်းစွာဖော်ပြထားခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၁၈-၂၀၃၀)သည် မကြာခင်ကပင် လိုက်နာဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဤအစီအစဉ်များသည် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် တိုက်ရိုက်မသက်ဆိုင်သော်လည်း မသန်စွမ်းသူများအတွက် တစ်နည်းနည်းဖြင့် အထောက်အကူ ဖြစ်စေပါသည်။

မြန်မာနိုင်ငံတွင်ရှိသော မသန်စွမ်းသူအများစုသည် ပညာရေးနှင့် သက်မွေးမှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများမရှိသလောက်နည်းပါးခြင်း အကျိုးဆက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်း အတွက် အလုပ်ရှာဖွေခြင်းတွင် အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့နေရဆဲပင် ဖြစ်ပါသည်။ ၎င်းသည် နိုင်ငံ့လူဦးရေ၏ (၄.၆) ရာခိုင်နှုန်း ရှိသည်ဟု မြန်မာနိုင်ငံ၏ ၂၀၁၄ သန်းခေါင်စာရင်း အစီရင်ခံစာတွင် အစီရင်ခံထားခဲ့ပါသည်။ ထို ၂၀၁၄ သန်းခေါင်စာရင်းအရ မသန်စွမ်းအမျိုးသမီး၊ အမျိုးသားများသည် မသန်စွမ်းမဟုတ်သူများနှင့်နှိုင်းယှဉ်လျှင် အလုပ်သမားရေးရာများတွင် ပါဝင်နေခြင်း နည်းပါးနေသည်ဟုဖော်ပြခဲ့ပါသည်။[1] ၁၅နှစ်မှ၆၅နှစ်အတွင်းရှိ မသန်စွမ်း သူများသည် မသန်စွမ်းမဟုတ်သူများနှင့် နှိုင်းယှဉ်လျှင် အလုပ်သမားရေးရာတွင် ပါဝင်ရန်နည်းပါး နေပါသည်။ အလုပ်သမားရေးရာတွင် ၆၇.၆ ရာခိုင်နှုန်းသောမသန်စွမ်းမဟုတ်သူများနှင့်

[1] မသန်စွမ်းမှုကဏ္ဍ၊ သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၃ - ဠ)

နိုင်းယှဉ်ပါလျှင် လမ်းလျှောက်ရာတွင် အနည်းငယ်မျှ မသန်စွမ်းသော ၄၇.၂ ရာခိုင်နှုန်းသာလျှင် ရှိပါပြီး မသန်စွမ်းမဟုတ်သူများနှင့် ၂၀ ရာခိုင်နှုန်း ကွာဟမှုတစ်ခုရှိနေပါသည်။[2]

မသန်စွမ်းသူများ အလုပ်အကိုင်ရှာဖွေခြင်း (သို့) အလုပ်အကိုင်ရရှိခြင်းတွင် ဘာကြောင့် ကန့်သတ်ထားမှုများဖြစ်နေရသည်မှာ များစွာသောအကြောင်းပြချက်များ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းချက်များထဲတွင် ပညာရေးအခန်းကဏ္ဍများသည် အလုပ်အကိုင် ရှာဖွေခြင်း (သို့) အလုပ်ရရှိခြင်းတွင် အထူးသဖြင့် သင့်တင့်လျောက်ပတ်သောအလုပ် ရရှိရှာဖွေရာတွင် အဓိကအခန်းကဏ္ဍအဖြင့်ပါဝင်နေပါသည်။ လူများ၏စီးပွားရေးအခြေအနေများသည် ဝင်ငွေ ရရှိမှုမြင့်မားခြင်းနှင့် အလုပ်အကိုင်ရှာဖွေရရှိမှုလက်ခံရန်ဦးဆောင်နေမှုကြောင့် ပညာရေးသည် အကျိုးသက်ရောက်မှုရှိသည်ဟု ကြီးမားစွာယုံကြည်လက်ကိုင်ထားပါသည်။[3] ယနေ့ထိတိုင် မြန်မာနိုင်ငံတွင်ရှိသော မသန်စွမ်းသူများသည် သူတို့နှင့်ကိုက်ညီမှုရှိသော ပင်မပညာရေးနှင့် သက်မွေးမှုဆိုင်ရာသင်တန်းများကို မည်သည့်အခါမျှလက်ခံမရရှိနိုင်ကြပါ။ သန်းခေါင်စာရင်း အချက်အလက်နှင့် သတင်းအချက်အလက်သည် သက်တူရွယ်တူအရွယ်မှာ မသန်စွမ်း မဟုတ်သောကလေးများနှင့် နှိုင်းယှဉ်လျှင် မသန်စွမ်းကလေးများ ပညာရေးချိတ်ဆက်ရရှိမှု နည်းပါးခြင်းသည် အရေးပါသည့်အရာအဖြစ်ပေါ်ထွက်လာသည်။ မသန်စွမ်းသူများ ပညာရေး လက်ခံရရှိမှုမရှိသလောက် နည်းပါခြင်းကြောင့် မသန်စွမ်းသူများ အလုပ်အကိုင်အတွက် အလုပ် အကိုင် လျှောက်ထားခြင်း သို့ အလုပ်အကိုင်ရှာဖွေဖို့ရန် အကန့် အသတ်များရှိကြပါသည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း၏ ခန့်မှန်းချက်အရ မသန်စွမ်းသူများ အလုပ်အကိုင် မရှိမှုနှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြီးမားသောပြဿတစ်ခုဖြစ်သည်ဟု ယူဆကြပါသည်။

---

[2] အေအေအာရ် (ဂျပန်) နှင့် မြန်မားစီးပွားရေးကဏ္ဍတာဝန်ယူမှုရရှိရေးအထောက်အကူပြုဌာန၊ မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်း၊ မြန်မာနိုင်ငံလုပ်ငန်းရှင်များအတွက် လက်စွဲစာအုပ်။

[3] POOR, DISABLED AND UNEMPLOYED: LINKING EDUCATION TO LABOUR ARKET OUTCOMES FOR PERSONS WITH PHYSICAL DISABILITIES IN NYERI, KENYA by Kagume Fe lishina Mumbi, Dr. MugoJohn Kabutha and Prof Fatuma N. Chege

မသန်စွမ်းသူများ၏ သင့်တော်သောအလုပ်အကိုင်ကို ကိုတာစနစ်အတွက် ဥပဒေများရှိသည်။ သို့သော်လည်း မသန်စွမ်းသူအများစုသည် အရည်အချင်းရှိခဲ့လျှင်တောင်မှ အလုပ်အကိုင်ကို လက်ခံမရရှိနိုင်ကြသောကြောင့် နိုင်ငံအတွင်းတွင် အလုပ်အကိုင်မရှိမှုနှုန်း မြင့်မားနေပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအတွင်းရှိ အခန်း(၅) ဖော်ပြချက်များသည် မသန်စွမ်း ကလေးများအတွက် ပင်မကျောင်းများတွင် သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ပညာရေးကို မည်ကဲ့သို့ထောက်ပံ့စီစဉ်ပေးရမည်များကို ဖော်ပြထားပါသည်။ ပြင်ဆင်ထုတ်ပြန် ထားသော အမျိုးသားပညာရေးသည် မသန်စွမ်းကလေးများအပါအဝင် ကလေးတိုင်း လူတိုင်း အကျုံးဝင်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပညာရေးဆောင်ရွက်ချက်များ တိုက်တွန်းထားပါသည်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် (၂၀၁၆-၂၀၂၁) ရည်ရွယ် ဆိုလိုသည်မှာ မဟာဗျူဟာအဆင့်၌ အခြေခံပညာရေးတွင် မသန်စွမ်းကလေးများအပါအဝင် ကလေးသူငယ်အားလုံးသည် တန်းတူညီမျှမှုနှင့်အကျုံးဝင်ခြင်းကို လက်ခံရရှိရမည်ဟု ဖြစ်ပါ သည်။ ထိုမဟာဗျူဟာအစီအစဉ်အရ အထူးပညာရေးလိုအပ်ချက်များတွင် ပင်မပညာရေး ဆရာ/မများ၏ စွမ်းဆောင်ရည်များကို တိုးမြင့်ရန် ရည်မှန်းပါသည်။

ယနေ့ထိတိုင် မသန်စွမ်းကလေးများသည် သူတို့၏ ချို့ယွင်းမှုများရှိနေခြင်းထက် လက်ရှိ ပညာရေးဆိုင်ရာ လုပ်ဆောင်မှုစနစ်ကြောင့် တန်းတူညီမျှမှုအပေါ်အခြေခံပြီး သက်တူရွယ်တူ မသန်စွမ်းမဟုတ်သောကလေးများ ပင်မကျောင်းပညာရေးလက်ခံရရှိခြင်းတွင် စိန်ခေါ်မှု များစွာကို ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်သည်။ ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ၏ "ကလေးအားလုံးစာသင်ကြားရာနေရာလေးတစ်ခု" ခေါင်းစဉ်ဖြင့် အကျုံးဝင်ပညာရေး သုတေ သနသည် မသန်စွမ်းကလေးများ ပင်မကျောင်းပညာရေးတွင် ပါဝင်ချိတ်ဆက်ခြင်းနှင့်လက်ခံရရှိ မှုများမှ ကန့်သတ်ကာကွယ်ထားသည့် အတားအဆီးများဖြစ်သည်ကို သိသာထင်ရှားစေပါသည်။[4] ၎င်းအတားအဆီးများမှာ မသန်စွမ်းကလေးများကို မိဘများနှင့်ဆရာ/မများမှ ရှုမြင်သော

[4] Eden Centre for Disabled Children, "A space to learn foe all children?" Inclusive Education and Children with disability in Myanmar(2015)

အဆိုးမြင်သဘောထားများ၊ ကျောင်းအပ်လက်ခံမှုပြဿနာများ၊ မသန်စွမ်းမှုဆိုင်ရာ လေ့လာအကဲဖြတ်မှုနည်းပါးခြင်း၊ အဆင်ပြေချောမွေ့မှုမရှိသော သင်ရိုးညွှန်းတန်းနှင့် စာမေးပွဲစနစ်များ၊ အဆင်ပြေချောမွေ့မှုမရှိသော လေ့ကျင့်သင်ကြားခြင်းများနှင့် ကျွမ်းကျင်မှု (သို့) အရည်အသွေးရှိသောသင်ကြားခြင်းနှင့် လေ့လာသင်ယူခြင်း အရင်းအမြစ်များ မရှိသလောက် နည်းပါးခြင်း၊ ကျောင်းပတ်ဝန်းကျင်များနှင့် ကျောင်းများတွင် လူမှုရေးဆိုင်ရာ အကျုံးဝင်ခြင်းအလေ့အကျင့်များနှင့် မူဝါဒများမရှိသလောက် နည်းပါကြခြင်းများဖြစ်ပါသည်။ ကရင်ပြည်နယ်တွင် ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံနှင့် ADRA (မြန်မာ)တို့ လုပ်ဆောင်ပြီးစီးခဲ့သော သုတေသနတစ်ခုသည် ကရင်ပြည်နယ်တွင် မွေးချင်းများခြင်းနှင့် မိဘများအရက်သေစာသောက်စားခြင်းကဲ့သို့သောပြဿနာနှင့် အခြားပြင်ပပြဿနာအချို့ရှိနေပြီး ကျေးလက် ဒေသများတွင်လည်း မသန်စွမ်းသောကလေးများသည် ပင်မကျောင်းပညာရေးလက်ခံရရှိခြင်းကို ကန့်သတ်ထား, ထားခြင်းခံခဲ့ရသည်ဆိုသည်ကို သိသာထင်ရှားစေခဲ့ပါသည်။[5]

ယခုတိုင်ပညာရေးစနစ်များသည် မသန်စွမ်းကလေးများကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ခြင်းကြောင့် မသန်စွမ်းသူများသည် ပညာရေး (သို့) မည်သည့်သင်တန်းကိုမှ မရရှိခဲ့ကြပါ။ ထိုကြောင့် သူတို့သည် အလုပ်အကိုင်အတွက် မည်သည့်ကျွမ်းကျင်မှု (သို့) စွမ်းရည်များမရှိကြပါ။ ထိုအကျိုးဆက်များသည် သူတို့ဘဝ ရှင်သန်နေထိုင်ခြင်းအတွက် အလုပ်တစ်ခုရှိခြင်း (သို့) ရှာဖွေခြင်းတွင် အခက်အခဲများရှိပါသည်။ လူမှုအသိုင်းအဝန်းကြီးတွင် လုပ်ဆောင်ရန် အရည်အချင်းများနှင့်ကျွမ်းကျင်မှုများ လက်ခံမရရှိခြင်းသည် မသန်စွမ်းလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများသည် အကန့်အသတ်များရှိသည်။ မသန်စွမ်းသူများအတွက် အလုပ်အကိုင်မရှိမှုနှုန်းများသည် ခေတ်တစ်ခေတ်မှတစ်ခေတ်ရှိ လူ့အဖွဲ့အစည်းတိုင်းတွင် မသန်စွမ်းမဟုတ်သူများထက် မြင့်မားကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အများစုသည် အလုပ်မရှိ

[5] ADRA research "An Evaluation Research of the Experiences and Perceptions of teachers andparents regarding Inclusive Education" (2018)

ကြပါ။ နိုင်ငံအတွင်းတွင် မသန်စွမ်းသူများအတွက် မည်သည့်အကျိုးခံစားခွင့် စနစ်များ မရှိသောကြောင့် မသန်စွမ်းသူများသည် သူတို့၏မိသားစုများနှင့်ဆွေမျိုးများအပေါ် မှီခိုနေကြရပါသည်။

ဤလေ့လာမှုသည် ထားဝယ်မြို့နှင့်ကလေးမြို့တွင်ရှိသော မသန်စွမ်းသူများ သူတို့ကလေးဘဝတွင် ပညာရေးလက်ခံရရှိမှုပမာဏကို ရှာဖွေခဲ့သည်။ သူတို့သည် ဘာကြောင့်ပညာရေးပြည့်စုံပြီးစီးမှု (သို့) ပင်မပညာရေးလက်ခံမရရှိနိုင်သည့် အကြောင်းပြချက်များနှင့် ဘဝရှင်သန်နေထိုင်မှုများအပေါ် ပညာရေးနည်းပါးမှု၏ အကျိုးသက်ရောက်မှုများကို ရှာဖွေခဲ့ပါသည်။ ရှာဖွေတွေ့ရှိချက်များသည် ထောက်ခံအကြံပြုချက်များတွင် အစိုးရ၏ မူဝါဒများ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာများနှင့်ချိတ်ဆက်နေခဲ့ပြီး ထိုနှစ်မြို့နယ်တွင်ရှိသော မသန်စွမ်းသူများသည် ဤသုတေသနစာတမ်းကို ကိုယ်တိုင်အရေးဆိုခြင်းများလုပ်ဆောင်ရာတွင် အထောက်အကူပြုစာရွက်စာတမ်းအဖြစ် အသုံးပြုနိုင်ပါသည်။

## လေ့လာမှုသဘောတရားဆိုင်ရာမူဘောင်

### အဓိကမူဘောင်

လေ့လာမှုသည် အောက်ဖော်ပြပါ လူ့အခွင့်အရေးများ၊ ပညာရေးနှင့် မသန်စွမ်းမှုဆိုင်ရာ သဘောတရားများ၏ မူဘောင်အတွင်းမှာပင် ပြုလုပ်ခဲ့ပါသည်။

**ယူနက်စကို၏ စလန်မန်ကာကြေညာစာတမ်းအရ အကျုံးဝင်ပညာရေး** - သုတေသနသည် စလန်မန်ကာတွင် ဖော်ပြသကဲ့သို့ အကျုံးဝင်ပညာရေးသဘောတရားများအတွင်း ပုံစံဒီဇိုင်း ပြုလုပ်ခဲ့ပါသည်။ ကြေညာစာတမ်း၏ အပိုဒ်(၃)တွင် ဖော်ပြထားသည်မှာ ကျွန်ုပ်တို့သည် အောက်ပါတို့ကို ယုံကြည်ပြီး အများပြည်သူများအား သိရှိစေရန် တင်ပြအပ်ပါသည်။

- ကလေးသူငယ်တိုင်းသည် ပညာသင်ကြားရန် အခြေခံကျသော အခွင့်အရေး တစ်ခုရှိကြပြီး လက်ခံနိုင်သော သင်ယူခြင်းအဆင့်ကို ထိန်းသိမ်းရန်နှင့် အောင်မြင်ရန် အခွင့်အလမ်းပေးရမည်။
- ကလေးသူငယ်တိုင်းသည် သွင်ပြင်လက္ခဏာ၊ စိတ်ဝင်စားမှု၊ စွမ်းဆောင်ရည်နှင့် သင်ယူခြင်းလိုအပ်မှုများမှာ သီးခြားစီရှိကြသည်။
- မတူကွဲပြားကြသော သွင်ပြင်လက္ခဏာများနှင့် လိုအပ်မှုများကို ထည့်သွင်းစဉ်းစား၍ ပညာရေးစနစ်များကို ဒီဇိုင်းရေးဆွဲသင့်ပါသည်။ ထိုနည်းအတိုင်း ပညာရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။
- ထိုအထူးပညာရေးဆိုင်ရာလိုအပ်ချက်များသည် ခွဲခြားဆက်ဆံသော စိတ်နေသဘောထားများကို တိုက်ထုတ်ခြင်း၊ လက်ကမ်းကြိုဆိုနေသော လူမှု့ဝန်းကျင်ဖန်တီးခြင်း၊ အကျုံးဝင်လူမှုအသိုက်အဝန်း တည်ဆောက်ခြင်းနှင့် လူတိုင်းအကျုံးဝင်ပညာရေး အောင်မြင်ခြင်းများ၏ အလွန်အကျိုးသက်ရောက်မှုများကို ပုံမှန်ကျောင်းများမှ လက်ခံရရှိရမည်။ ထို့အပြင် သူတို့သည် ကလေးသူငယ်များကို အဓိကထားရန် ထိရောက်သော ပညာရေးတစ်ခုကို စီစဉ်ပံ့ပိုးပေးသည့် စွမ်းရည်များတိုးတက်လာမှုနှင့် အစပိုင်းတွင် ပညာရေးစနစ်တစ်ခုလုံး၏ ကုန်ကျစရိတ်သည် ထိရောက်မှုရှိသည်။

**မသန်စွမ်းမှုဆိုင်ရာ လူမှုရေးရှု့ထောင့်အမြင်** - ဤသုတေသနသည် လူမှုရေးဆိုင်ရာအယူအဆနှင့်နှိုင်းယှဉ်ကာ ပုံစံဒီဇိုင်းနှင့်အကောင်ထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ မသန်စွမ်းမှုဆိုသည်မှာ ခေတ်တစ်လျှောက်လုံး လူမှုအဖွဲ့အစည်းသည် ပင်မလူမှုရေးဆိုင်ရာ လုပ်ငန်းစဉ်လှုပ်ရှားများတွင် သူတို့အတွက်ပါဝင်ခွင့်ရရှိခြင်းမှ ဖယ်ကျဉ်ထားခဲ့သောကြောင့် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသောသူများကို ထည့်သွင်းမစဉ်းစားခြင်း (သို့) အနည်းငယ်မျှတာဝန်ယူခြင်း မရှိခြင်းကြောင်းပင် ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အဓိကပြဿနာသည် ရုပ်ရွာလူထု၊ လူမှုအသိုင်းအဝန်းနှင့် ရုပ်ရွာလူမှုဝန်းကျင်များတွင်ရှိသော မသန်စွမ်းမှုကိုဖြစ်စေသည့် အတားအဆီးများပင် ဖြစ်ပါ

သည်။[6] ချို့ယွင်းချက်ရှိမှုသည် သူတို့အတွက် မည်သည့်ပြဿနာမှမဖြစ်ကြပါ။ ယခုစူးစမ်းလေ့လာခြင်းသည် သုတေသနပြုလုပ်သည့် ဧရိယာတွင် မသန်စွမ်းကလေးများ အစိုးရပင်မကျောင်းသို့သွားခြင်းမှ မသန်စွမ်းမှုကိုဖြစ်စေသော အတားအဆီးများအား သွားရောက်လေ့လာခြင်းဖြစ်ပြီး ပင်မကျောင်းဆရာ/မများ ရင်ဆိုင်ကြုံတွေ့ရသော အမြင်သဘောထားဆိုင်ရာနှင့် နည်းပညာအတားအဆီးများကိုလည်း သဘောတရားမူဘောင်အတွင်း လေ့လာပြီးစီးပါလိမ့်မည်။

**ဖွံ့ဖြိုးဖို့ရန်လူ့အခွင့်အရေးကို အခြေခံချဉ်းကပ်မှု** - ဖွံ့ဖြိုးမှုချဉ်းကပ်သော သုတေသန၏ အခြားသဘောတရားမှာ "ဖွံ့ဖြိုးဖို့ရန်လူ့အခွင့်အရေးကို အခြေခံချဉ်းကပ်မှု" ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ဖွံ့ဖြိုးမှုသည် တာဝန်ရှိသူများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရန် အကူအညီပေးမှုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ထုတ်ပြန်ချက်များနှင့် သူတို့၏ ပြဋ္ဌာန်းချက်များ လုပ်ဆောင်ခြင်းသည် အခွင့်အရေးပိုင်ဆိုင်သူများအပေါ်နှင့် သူတို့၏ တာဝန်ဝတ္တရားများကိုရင်ဆိုင်ရန် အခွင့်အာဏာများကို ခွဲဝေအသုံးချသည်။ ဥပမာ - မသန်စွမ်းသူများသည် သူတို့၏အခွင့်အရေးများကို တောင်းဆိုရန်။

ဤဖြစ်စဉ်တစ်လျှောက်လုံးသည် အောက်ဖော်ပြပါအချက်အချာကျသော လူ့အခွင့်အရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးသင့်ပါသည်။ "ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေး ဆိုင်ရာသဘောတူစာချုပ်" မှ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊ ပူးပေါင်းပါဝင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်းနှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူမှုတို့ဖြစ်သည်။ လေ့လာမှု၏ အဓိကအာရုံစိုက်မှုများမှာ ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အတွင်းရှိ အပိုဒ်(၂၄) ပညာရေးနှင့် အပိုဒ်(၂၇) လုပ်ငန်းနှင့်အလုပ်အကိုင်စသည့် အပိုဒ်နှစ်ခု အပေါ်တွင် အဓိက ထားလုပ်ဆောင်ပါသည်။

---

[6] The Social Model of Disability by Grant Carson

## လေ့လာမှု ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် အဓိကမေးခွန်းများ

ဖြစ်စဉ်လေ့လာမှုရည်ရွယ်ချက်သည် မသန်စွမ်းသူများအတွက် ပင်မပညာရေးနှင့် သက်မွေးကျောင်းဆိုင်ရာ သင်တန်းများအားချိတ်ဆက်မိမိမှုနှင့် လက်ခံရရှိမှုများ မရှိသလောက် နည်းပါးသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းအပေါ်တွင် သက်ရောက်မှုရှိသည်များကို သွားရောက်စူးစမ်းလေ့လာရန် ဖြစ်ပါသည်။ ထို့နောက် ပညာရေးတွင်ချိတ်ဆက်မှုနှင့်လက်ခံရရှိမှုမရှိသလောက် နည်းပါးခြင်းကြောင့်ဖြစ်သည်ကို ဖော်ထုတ်ရန်ဖြစ်ပါသည်။

ဤလေ့လာမှု၏အသေးစိတ်ရည်ရွယ်ချက်များ

- ကလေးမြို့နှင့် ထားဝယ်မြို့တွင်ရှိသော မသန်စွမ်းသူများသည် သူတို့၏ ဘဝတစ်လျှောက်လုံး၌ အစိုးရပင်မကျောင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကို မည်သည့်အတိုင်းအတာအထိ ရရှိကြသလဲဆိုသည်ကို သိရှိစေရန်နှင့် ၎င်းတို့ကို ရရှိစေရန်အတွက် မည်သည့်အတားအဆီးများ ရှိသည်ကို သိရှိစေရန်။
- မသန်စွမ်းသူများသည် ပင်မကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းများကို လက်လှမ်းမှီရယူနိုင်ခြင်း မရှိသောကြောင့် မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းများအတွက် အတားအဆီးများနှင့် အကျိုးသက်ရောက်များကို ရှာဖွေဖော်ထုတ်ရန်။
- အနာဂါတ်တွင် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် မသန်စွမ်းကလေးများ အစိုးရပင်မပညာရေးများရရှိခြင်းအား မည်ကဲ့သို့တိုးမြှင့်လုပ်ဆောင်ရမည်ဆိုသည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်။

ဤလေ့လာမှု၏ အဓိကမေးခွန်းများမှာ

- ကလေးမြို့နှင့် ထားဝယ်မြို့တွင်ရှိသော မသန်စွမ်းသူများသည် သူတို့၏ ဘဝ တစ်လျှောက်လုံး၌ အစိုးရပင်မကျောင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ကျောင်းများကို မည်သည့်အတိုင်းအတာအထိ ရရှိကြသနည်း၊ ၎င်းတို့ကို ရရှိစေရန် အတွက် မည်သည့်အတားအဆီးများရှိသနည်း။
- မသန်စွမ်းသူများသည် ပင်မကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းများကို လက်လှမ်းမှီရယူနိုင်ခြင်း မရှိသောကြောင့် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများအတွက် မည်သည့်အတားအဆီးများနှင့် မည်သည့် အကျိုးသက်ရောက်များရှိသနည်း။
- အနာဂါတ်တွင် မသန်စွမ်းသူများ၏အလုပ်အကိုင်အခွင့်အလမ်းအတွက် မသန်စွမ်း ကလေးများ အစိုးရပင်မပညာရေးများရရှိခြင်းအား မည်ကဲ့သို့တိုးမြှင့်လုပ်ဆောင်နိုင် သနည်း။

# နယ်နိမိတ်ကန့်သတ်ချက်နှင့် သုတေသနပုံစံနည်းလမ်းများ

## လေ့လာသည့်နယ်မြေများ

ဤလေ့လာမှုအား ထားဝယ်မြို့နှင့်ကလေးမြို့ မြို့နယ်(၂)ခုတွင်ပြုလုပ်ခဲ့ပါသည်။ ကလေးမြို့ သည် စစ်ကိုင်းတိုင်းဒေသကြီး၏ အနောက်ဘက်ရှိ မြို့နယ်တစ်ခုဖြစ်သည်။ ၎င်း၏ MIMU P-code သည် MMR005027 ဖြစ်သည်။ ထားဝယ်မြို့သည် တနသာရီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ ၎င်း၏ P-code မှာ MMR006007 ဖြစ်သည်။

## ဦးတည်မေးမြန်းခဲ့သူများ

အဓိကဦးတည်မေးမြန်းခဲ့သူ ၄မျိုးရှိပါသည်။

- အသက် ၁၈နှစ်မှ ၆၀နှစ်ကြားရှိ မသန်စွမ်းသူများ
- မသန်စွမ်းမှုရှိသူများ၏ မိသားစုဝင်များ
- မြို့နယ်နှစ်ခုတွင်ရှိသော ပင်မကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများ၊ အငြိမ်းစားဆရာ၊ ဆရာမများနှင့် အငြိမ်းစား ကျောင်းအုပ်များ
- ပုဂ္ဂလိက စီပွားရေးလုပ်ငန်းရှင်များ

မြို့နယ်တစ်ခုစီမှ ပါဝင်ဖြေဆိုသူများကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

| ဦးတည်မေးမြန်းခဲ့သူများ | ကလေးမြို့နယ် | ထားဝယ်မြို့နယ် | စုစုပေါင်း |
|---|---|---|---|
| မသန်စွမ်းသူများ | ၈ | ၉ | ၁၇ |
| မသန်စွမ်းသူများ၏မိဘ(သို့)မိသားစုဝင်များ | ၂ | ၃ | ၅ |
| ဆရာ၊ဆရာမများနှင့် ကျောင်းအုပ်များ | ၈ | ၅ | ၁၃ |
| ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ | ၂ | ၂ | ၄ |

**လေ့လာသည့်ကာလ -** ယခုလေ့လာမှု၏ အင်တာဗျူးများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်မှ ၁၀ရက်အထိ ပြုလုပ်ခဲ့သည်။

**လေ့လာမှု၏ နည်းစနစ်များနှင့်နည်းလမ်းများ -** ဤလေ့လာမှုသည် အရည်အသွေး စံပြုသုတေသနဖြစ်သည်။ ယခုလေ့လာမှုတွင် မသန်စွမ်းသူများ၏ ကိုယ်ပိုင်ဘဝ အတွေ့ အကြုံနှင့် အတွေးအမြင်များကိုအခြေခံ၍ လုံလောက်သော ပညာရေးမရရှိမှုအကြောင်းရင်းနှင့် ထိုအကြောင်းရင်းကြောင့် လက်ရှိအခြေအနေတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးရသည့်

အကြောင်းရင်းများ ဖော်ထုတ်ရန်ရည်ရွယ်သည်။ နောက်ခံအကြောင်းရင်းများ၊ ထင်မြင်ချက်များနှင့် လှုံ့ဆော်မှုများကိုနားလည်ရန် အသုံးပြုမည်ဖြစ်သောကြောင့် ဤသုတေသနသည် အရည်အသွေးစံပြုနည်းနှင့်သက်ဆိုင်သည်။[7] ဤလေ့လာမှုတွင် အရည်အသွေးပြည့်ဝသော အချက်အလက်ကောက်ယူခြင်းဆိုင်ရာ နည်းလမ်း၂ခုဖြစ်သော တစ်ဦးချင်းအသေးစိတ် တွေ့ဆုံမေးမြန်းခြင်းနှင့် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း ကိုအသုံးပြုသည်။

**တစ်ဦးချင်းအသေးစိတ်တွေ့ဆုံမေးမြန်းခြင်း** - ဤလေ့လာမှုအတွက် အဓိက သတင်းအချက်အလက်များကို မသန်စွမ်းသူများနှင့် မသန်စွမ်းသူများ၏ မိသားစုဝင်များထံမှ တစ်ဦးချင်းအသေးစိတ်တွေ့ဆုံမေးမြန်း၍ ကောက်ယူခဲ့ပါသည်။ ပါဝင်ဖြေဆိုသူများကို စီစစ်ရွေးချယ်နမူနာကောက်ယူနည်းဖြင့် ရွေးချယ်ခဲ့ပါသည်။ ပါဝင်ဖြေဆိုသူအချို့မှာ ကျောင်းတစ်ခါမှ တက်ရောက်ဖူးခြင်းမရှိသူများ၊ အချို့မှာ ကျောင်းမပြီးပဲကျောင်းထွက်ခဲ့ကြသူများဖြစ်ပြီး အနည်းငယ်မှသာ တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ကြပါသည်။ ကျောင်းထွက်သူများဟုဆိုရာတွင် အထက်တန်းအဆင့်တွင် ကျောင်းထွက်သူများသည် ဦးစားပေး (၁) အောက်တွင်ရှိပြီး ဦးစားပေး (၂)မှာ အလယ်တန်းအဆင့်တွင် ကျောင်းထွက်သူများဖြစ်ကြသည်။

လေ့လာမှုသည် မသန်စွမ်းသူများ၏ ပညာရေးနှင့်ပတ်သတ်သည့် လက်လှမ်းမီရရှိနိုင်မှု၊ ၎င်းတို့၏ဘဝ အထူးသဖြင့် အလုပ်အကိုင်ရှာဖွေရာတွင် ပညာရေး၏ အကျိုးသက်ရောက်မှု အတွေ့အကြုံများနှင့် မသန်စွမ်းကလေးငယ်များ၏ ပညာရေးလက်လှမ်းမီရရှိနိုင်မှုကို မြှင့်တင်ရန်နှင့်ပတ်သတ်သော ၎င်းတို့၏ အကြံပြုချက်များကို လေ့လာမှုတွင် ဖော်ထုတ်ခဲ့သည်။

ဤလေ့လာမှုတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် ၄ ဦး (မြို့နယ်တစ်ခုလျှင် ၂ဦးစီ) ကို မသန်စွမ်းသူများ၏ အလုပ်အကိုင်နှင့်ပတ်သတ်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကိုဖော်ထုတ်ရန် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မသန်စွမ်း

---

[7] https://www.snapsurveys.com/blog/qualitative-vs-quantitative-research/

သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ အဆိုပါမြို့နယ်၂ မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ (သို့) မန်နေဂျာများ၏ အကြံဉာဏ်များကို လေ့လာရန် ရည်ရွယ်ခဲ့သည်။ ပါဝင်ဖြေဆိုသူများကို ရွေးချယ်ရာတွင် မြို့နယ် ၂ မြို့နယ်အတွင်းရှိ မသန်စွမ်း သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သ-ည်။

**ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း** -ထားဝယ်မြို့နှင့်ကလေးမြို့ရှိ ပင်မကျောင်းမှ တာဝန်ထမ်း ဆောင်နေသည့် ကျောင်းအုပ်များနှင့် ဆရာ/ဆရာမများ၊ အငြိမ်းစားဆရာ/ဆရာမများနှင့် အငြိမ်းစားကျောင်းအုပ်များပါဝင်သော ဦးတည်အုပ်စုဆွေးနွေးပွဲ ၂ ခု ပြုလုပ်ခဲ့ပါသည်။ ဦးတည် အုပ်စုဖွဲ့တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းသည် သက်ဆိုင်ရာ အကြောင်းအရာပေါ်တွင် ကွဲပြား သော အတွေးအခေါ်များ၊ ထင်မြင်ချက်များနှင့် အမြင်သဘောထားများကိုရရှိစေနိုင်သည်။ ထားဝယ်မြို့နှင့်ကလေးမြို့တို့ရှိ ရွေးချယ်ထားသောဖြေကြားသူများကို စုစည်း၍ ၎င်း ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ အုပ်စုတစ်ခုစီတွင် သတ်မှတ်ထားသောအချိန်အတွင်း သက်ဆိုင်ရာအကြောင်းအရာနှင့်ပတ်သက်သည့် ယုံကြည်စိတ်ချရသော အဖြေများရရှိစေရန် ဆွေးနွေးပွဲကို လမ်းညွှန်ပေးသော ပံ့ပိုးသူတစ်ဦးပါဝင်သည်။

**ပါဝင်ဖြေဆိုမည့်သူများအားရွေးချယ်ခြင်း** - ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုမည့်သူများကို ဖြစ်တန်စွမ်းနည်းနမူနာများမှ တစ်ခုဖြစ်သော စီစစ်ရွေးချယ်နမူနာကောက်ယူနည်းဖြင့် ရွေးချယ် ခဲ့ခြင်းဖြစ်ပါသည်။ ဤနမူနာကောက်ယူနည်းသည် ဦးတည်ထားသော နမူနာကို လျင်မြန်စွာ ရရှိရန်လိုအပ်သည့် အခြေအနေများတွင် အလွန်အသုံးဝင်သည်။ ကျွန်ုပ်တို့သည် အုပ်စု ၄ စုကို ဦးတည်မေးမြန်းခဲ့သည်။

1. အသက်၁၈နှစ်မှ ၆၀နှစ်ကြားရှိ မသန်စွမ်းသူများ
2. မသန်စွမ်းသူများ၏ မိသားစုဝင်များ
3. မြို့နယ်နှစ်ခုမြို့ရှိရှိ ပင်မကျောင်းမှ တာဝန်ထမ်းဆောင်နေသည့် ကျောင်းအုပ်များနှင့် ဆရာ/ဆရာမများ၊ အငြိမ်းစား ဆရာ/ဆရာမများနှင့် အငြိမ်းစားကျောင်းအုပ်များ

4. ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ စသည်တို့ဖြစ်ပါသည်။

ဤလေ့လာမှုတွင် ကျောင်းမပြီးခဲ့သော (သို့) ကျောင်းမတက်ခဲ့ရသော၊ ပညာမတတ်မှု (သို့) ပညာရေးမလုံလောက်မှု အကျိုးဆက်ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသော မသန်စွမ်းသူများကိုသာ ရွေးချယ်ခဲ့သည်။ ထို့အပြင် ၎င်းတို့သည် လေ့လာမှု၏ ရည်ရွယ်ချက်များ၊ မေးခွန်းများနှင့်သက်ဆိုင်၍ အထောက်အပံ့ပေးနိုင်သော တုံ့ပြန်မှုများကို ဖြေကြားနိုင်ရမည်။ ဤမသန်စွမ်းသူများသည် ပင်မကျောင်းပညာရေးကို လက်လှမ်းမှီ ရောက်ရှိနိုင်ရန် ကြုံတွေ့ခဲ့ရသော အတားအဆီးများနှင့်ပတ်သတ်၍ လက်တွေ့ဘဝအတွေ့အကြုံများ၊ ၎င်းတို့ဘဝ ရပ်တည်မှုအတွက် အလုပ်အကိုင်ရှာဖွေရာတွင် ကြုံတွေခဲ့ရသော အခက်အခဲအတားအဆီးများ၊ ဤအကြောင်းအရာများနှင့်ပတ်သတ်၍ အနာဂါတ်တွင် ကျွန်ုပ်တို့ မည်သို့လုပ်ဆောင် သင့်ကြောင်း အကြံပြုချက်များကို မျှဝေပေးနိုင်ဆုံးသောသူများဖြစ်ကြပါသည်။

ပင်မကျောင်းမှ ကျောင်းအုပ်များနှင့်ဆရာ၊ ဆရာမများသည် သူတို့တို့ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် အခက်အခဲများကို မျှဝေနိုင်ခြင်းနှင့် မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းကို မြှင့်တင်ရန် အနာဂါတ်တွင် ကျွန်ုပ်တို့ မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်များ ပေးနိုင်ခြင်းစသောယူဆချက်များဖြင့် တွေ့ဆုံမေးမြန်းခံခဲ့ကြပါသည်။ လေ့လာမှုနှင့် သက်ဆိုင်သော ယုံကြည်စိတ်ချရသည့် ပါဝင်ဖြေဆိုသူများကို သုတေသန စီမံကိန်းမှ လေ့ကျင့်သင်ကြားပေးခဲ့သည့် မြို့နယ် ၂ မြို့နယ်ရှိ ဒေသခံမသန်စွမ်းသူများ၏ အကူအညီဖြင့် ရွေးချယ်ခဲ့ ပါသည်။ သင်တန်းတွင် ပါဝင်ဖြေဆိုရမည့်သူများကိုရွေးချယ်ရာ၌ ပေါ်ပေါက်လာနိုင်သည့် ဘက်လိုက်မှုနှင့် အခြားကျင့်ဝတ်နှင့်မညီသော စီမံခန့်ခွဲမှုများကို ရှောင်ရှားနိုင်ရန်အတွက် ကျင့်ဝတ်ဆိုင်ရာ အကြောင်းအရာများကို နက်နက်နဲနဲ ဆွေးနွေးသင်ကြားခဲ့ပါသည်။

## အချက်အလက်များကို စီစစ်လေ့လာခြင်း

စုဆောင်းရရှိသောအချက်အလက်များကို အောက်ပါအတိုင်းစီစစ်လေ့လာသည်-

- မှတ်တမ်းရေးသားခြင်း
- အချက်အလက်များကိုအမျိုးအစားခွဲခြင်းနှင့် အုပ်စုဖွဲ့ခြင်း
- အချက်အလက်များကို အမှတ်အသားပြုခြင်းနှင့် စီစစ်ခြင်း
- တွေ့ရှိချက်များ၊ နိဂုံးချုပ်နှင့် အကြံပေးတင်ပြခြင်း

**မှတ်တမ်းရေးသားခြင်း** - ဤအဆင့်သည် အချက်အလက်များစီစစ်လေ့လာရာတွင် ပထမဆုံး အဆင့်ဖြစ်သည်။ သုတေသနအဖွဲ့ဝင်များသည် မှတ်တမ်းများကို ရေးသွင်းခဲ့ကြသည်။ အသံသွင်း ထားသော အချက်အလက်များကို မှတ်တမ်းများအဖြစ်ပြောင်းလဲခဲ့ကြသည်။

**အချက်အလက်များကို အမျိုးအစားခွဲခြင်းနှင့် အုပ်စုဖွဲ့ခြင်း** - ဤအဆင့်၌ ပထမဦးစွာ ကျွန်ုပ်တို့သည် မှတ်တမ်းများကောက်ယူပြီး ဖြေဆိုသူများထံမှ အဓိကအကြောင်းအရာနှင့် မှတ်ချက်များကို သုတေသနရည်ရွယ်ချက်နှင့် အဓိကမေးခွန်းများ၏ သက်ဆိုင်မှုပေါ်တွင် မူတည်၍ အမျိုးအစားခွဲခဲ့သည်။ ထို့နောက် ဒုတိယအဆင့်အနေဖြင့် ထိုအဓိကအကြောင်း အရာခေါင်းစဉ်များကို သုတေသန၏ရည်ရွယ်ချက်များနှင့် ချိတ်ဆက်သတ်မှတ်ပါသည်။

ဥပမာအားဖြင့် သုတေသနရည်ရွယ်ချက် နံပါတ်၁ကို တုန့်ပြန်သောအကြောင်းအရာနှင့် မှတ်ချက်များကို ရည်ရွယ်ချက်-၁ ဟု အမှတ်အသားပြုခြင်းစသည်တို့ဖြစ်သည်။ တတိယ အဆင့်တွင် တူညီသောနမူနာအုပ်စုများမှ ထုတ်ယူထားသော အဓိကအကြောင်းအရာများကို တစ်စုတည်းစုစည်းခဲ့သည်။

**အချက်အလက်များကိုအမှတ်အသားပြုခြင်းနှင့် စီစစ်ခြင်း** - ဤအဆင့်တွင် အမျိုးမျိုးသော နမူနာအုပ်စုများမှ ထုတ်ယူထွက်ပေါ်လာသော အကြောင်းအရာခေါင်းစဥ်များကို အမှတ်အသားပြု၍ စီစစ်လေ့လာခဲ့ပါသည်။ ရှင်းလင်းပြတ်သားမှုနှင့် ရိုးရှင်းမှုအတွက် သုတေသန ရည်ရွယ်ချက်တစ်ခုစီ၏ အချက်အလက်များကို သီးခြားစီ ခွဲခြမ်းလေ့လာခဲ့ပါသည်။

**တွေ့ရှိချက်များ၊ နိဂုံးချုပ်နှင့်အကြံပေးတင်ပြခြင်း** - စီစစ်လေ့လာထားသော အချက်အလက်များအပေါ် အခြေခံ၍ တွေ့ရှိချက်များကို ဖော်ထုတ်ခဲ့ပါသည်။ အကြံပြုချက်များသည် ရှာဖွေတွေ့ရှိချက်များအရ အကြံပြုပေးထားခဲ့ခြင်းဖြစ်ပါသည်။

## သုတေသနလုပ်ငန်း၏ကျင့်ဝတ်ဆိုင်ရာကဏ္ဍများ

သုတေသနတွင် ပါဝင်သူအားလုံးအတွက် သဘောတူစာချုပ်နှင့် သတင်းအချက်အလက်များဆိုင်ရာ စာရွက်စာတမ်းများကို ပြင်ဆင်ထားပါသည်။ သတင်းအချက် အလက်ဆိုင်ရာ စာရွက်စာတမ်းတွင် သုတေသန၏ ရည်ရွယ်ချက်၊ ပါဝင်သူများမှမျှော်မှန်းချက်များ၊ သူတို့၏ ပူးပေါင်းပါဝင်မှုသည် စေတနာဖြင့်ပါဝင်ကြောင်း ရှင်းလင်းထားခြင်း၊ ထို့အပြင် ပါဝင်သူများသည် ဤသုတေသနတွင်ဆက်လက်၍ မပါဝင်လိုပါက မိမိဆန္ဒအလျောက် နှုတ်ထွက်ခွင့်ရှိခြင်း၊ သူတို့ပေးသောအချက်အလက်များအား၊ လျှို့ဝှက်ထားမည်ဖြစ်ခြင်း၊ ဤအချက်အလက်များကို မည်ကဲ့သို့အသုံးပြုမည်ဖြစ်ကြောင်း၊ စာရေးသားပြုစုရာတွင်သော်လည်းကောင်း၊ စာအုပ်အနေဖြင့် ထုတ်ဝေလျှင်သော်လည်းကောင်း၊ ပါဝင်သူများအား အကာအကွယ်ပေးထားမည်ဖြစ်ကြောင်းများပါဝင်ပါသည်။ စာရွက်စာတမ်းပါ အသေးစိတ်အချက်အလက်များကို တွေ့ဆုံမေးမြန်းမှုမစတင်မီ ရှင်းလင်းထားပြီးဖြစ်ပါသည်။ ပါဝင်သူများမှ မိမိတို့ဆန္ဒအလျောက်ပါဝင်မည်ဖြစ်စေ၊ မပါဝင်မည်ဖြစ်စေ၊ တွေ့ဆုံမေးမြန်းမှုမစတင်မီကတည်းက လက်မှတ် ထိုးထားရမည်ဖြစ်ပါသည်။ ဤလေ့လာမှုသည် ပါဝင်သူများနှင့် စပ်လျဉ်းသည့် အရာများအား လျှို့ဝှက်ထားမည်ဖြစ်ပါကြောင်းနှင့် အမည်ဖော်ပြမည်မဟုတ်ပါကြောင်း ကတိပြုပါသည်။

## လေ့လာရာတွင် တွေ့ရှိရသော အကန့်အသတ်များ

သုတေသနအသင်းအနေနှင့် လေ့လာခြင်းပြုလုပ်နေစဉ်တွင် အောက်ဖော်ပြပါ အခက်အခဲ ကန့်သတ်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ဤသုတေသနမှ ဝန်ခံချက်များသည် အချို့သောကန့်သတ်ချက်များ၊ အခြေအနေကြောင့် အချက်လက်အပေါ် လွှမ်းမိုးမှုရှိနိုင်သော ကြောင့်ဖြစ်ပါသည်။

- **မေးမြန်းသူများနှင့် ဖြေဆိုသူများအကြား ဘာသာစကားအတားအဆီးများ** - ကလေးမြို့တွင်ရှိသော ပါဝင်ဖြေဆိုသူအများစုသည် ချင်းဘာသာစကားဖြင့် ဖြေဆိုကြသလို ထားဝယ်မြို့တွင်ရှိသော ပါဝင်ဖြေဆိုသူ အများစုသည် ထားဝယ်စကားဖြင့် မေးခွန်းများကို ဖြေဆိုကြပါသည်။ နှစ်မြို့နယ်လုံးတွင် အဓိကမေးမြန်းသူများသည် ထိုဘာသာစကားများကို ကောင်းကောင်းနားမလည်ကြပါ။ ထို့ကြောင့် အဓိက မေးမြန်းသူများသည် ဘာသာပြန်ပေးသူများ၏ အကူအညီများနှင့် မေးမြန်းမှုပြုလုပ်ရပါသည်။ သူတို့သည် ပြန်ဖြေသူများ၏ ဖြေကြားချက်အားလုံး နားမလည်နိုင်ခဲ့ပါဘူး။
- **ဥပဒေနှင့် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အရ အသိပညာပေးမှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်မှုမရှိသလောက်နည်းပါးခြင်း** - လေ့လာမှုတွင်ရှိသော ကန့်သတ်ချက်များအနက် တစ်ခုမှာ အစိုးရသည် သုတေသနဧရိယာအတွင်းတွင် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အရ အလုပ်အကိုင်အပေါ်တွင် အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေများအပေါ် လိုက်နာရန် အားပေးတိုက်တွန်းသည့် အစီအစဉ်များ (သို့) အသိပညာပေးမှု မြှင့်တင်ခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် မည်သည့်စီးပွားရေး လုပ်ငန်းရှင်များမဆို မသန်စွမ်းမှုနှင့်ပတ်သက်သည့် မည်သည့်အသိပညာ (သို့) အကြံဉာဏ်များ မရှိကြပါ။ ထိုအရာများသည် လေ့လာမှုပြုလုပ်ခြင်းမှာ ကန့်သတ်ချက်တစ်ခုဖြစ်ပါသည်။
- **ချိန်းဆိုမှုပြုလုပ်ထားသောသူများ ပြန်လည်ချိန်းဆိုမှုပြုရခြင်း** - ထိုအရာများသည် အချိန်ဇယားအတိုင်းသွားခြင်းနှင့် အချိန်ကိုစီမံရာတွင် ခက်ခဲမှုများရှိခဲ့သည်။ ပါဝင်ဖြေဆို

သူများသည် သူတို့၏ ချိန်းဆိုမှုများကို ပြောင်းလဲခဲ့သောကြောင့် တွေ့ဆုံမေးမြန်းရန် အတွက် ချိန်းဆိုထားမှုများကို ပြန်လည်ချိန်းဆိုခဲ့ရပါသည်။

- **သုတေသနဆိုင်ရာ လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများပါဝင်ရန် အခွင့်အလမ်းများ မရှိသလောက်နည်းပါးခြင်း** - သုတေသနပြုလုပ်သော ဧရိယာတွင်ရှိသော မသန်စွမ်း သူများသည် ယခုသုတေသနပြုလုပ်သော လုပ်ငန်းစဉ်မတိုင်ခင်တည်းက သုတေ သနဆိုင်ရာ လုပ်ငန်းစဉ်များတွင်ပါဝင်ရန် မည်သည့်အခွင့်အလမ်းမှ မရရှိခဲ့ကြပါ။ မည်သူ တစ်ဦးတစ်ယောက်မှ သုတေသန တွေ့ဆုံမေးမြန်းမှုများတွင် သုတေသနပြုလုပ်သူ (သို့) တွေ့ဆုံမေးမြန်းသူတစ်ဦးကဲ့သို့ မသန်စွမ်းသူများကို ပါဝင်ခြင်းအတွက် မစဉ်းစားခဲ့ကြပါ။

## သုတေသနလေ့လာမှုမှတွေ့ရှိချက်များ

**ကဏ္ဍ ၁။ ထားဝယ်မြို့နှင့်ကလေးမြို့တွင်ရှိသော မသန်စွမ်းသူများသည် မည်သည့် အတိုင်းအတာအထိ သူတို့၏ဘဝတွင် ပညာသင်ကြားခွင့်ရရှိသနည်းဟူသည်ကို ဖော် ထုတ်ခြင်း။**

မသန်စွမ်းသူအရေအတွက် အနည်းငယ်သာ အခြေခံပညာအထက်တန်းကို အောင်မြင်ခဲ့ပြီး တက္ကသိုလ်မှဘွဲ့ရရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးစနစ်များတွင် မသန်စွမ်း ကလေးများသည် သန်စွမ်းကလေးများနှင့် တန်းတူ ပညာသင်ကြားနိုင်ရန်အတွက် ထည့်သွင်း စဉ်းစားထားခြင်းမရှိဟုသိရပါသည်။

"ကျောင်းတွင် မသန်စွမ်းသူများသည် ပညာရေးစနစ်များ၏ ဖယ်ကျဉ်ချန်လှပ်ထားခဲ့သော ကြောင့် အခြားသန်စွမ်းသူများနှင့်တန်းတူ ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင်သင် ကြားခွင့်မရှိနိုင်၊ မပါဝင်နိုင်ခဲ့ကြပါ။ မသန်စွမ်းသူအနည်းစုသည် အလယ်တန်း (သို့) အထက်တန်း အရွယ်တွင် ကျောင်းထွက်ခဲ့ရခြင်းမှာ ကဏ္ဍ(၂)တွင်ဖော်ပြထားသော အတားအဆီးများကြောင့် သာဖြစ်ပါသည်။ မသန်စွမ်းသူအများစုသည် မူလတန်းအရွယ်ကတည်းက ကျောင်းထွက်ခဲ့ရခြင်း

သည့်လည်း အတားအဆီးများကြောင့် ဖြစ်ပါသည်။ များပြားလှစွာသော မသန်စွမ်းသူများသည် ထိုအတားအဆီးများကြောင့် ငယ်စဉ်ကလေးဘဝကတည်းကပင် ကျောင်းမတက်ခဲ့ရပါ။

"ကျွန်မ (၁၀)တန်းကို (၂)နှစ်ဖြေခဲ့ပါတယ်။ ဒါပေမယ့်မအောင်ခဲ့ပါဘူး၊ အဲ့ဒါနဲ့ ကျောင်းထွက်လိုက်တယ်။ ဘာလို့လဲဆိုတော့ ကျောင်းဆက်မတက်ချင်တော့လို့ပါပဲ၊ ကျူရှင်ခလည်း မပေးနိုင်ဘူး၊ ပြီးတော့ မိသားစုမှာ ကျွန်မက မောင်နှမထဲမှာ အကြီးဆုံးလေ၊ မောင်လေး၊ ညီမလေးတွေအတွက်အလုပ် လုပ်ရတယ်။ အိမ်အလုပ်တွေ အကုန်လုပ်ရတယ်။ သူတို့ကျောင်းသွားဖို့အတွက်ပြင်ဆင်ပေးရတယ်။ ထမင်းဟင်းချက် ရတယ်။ အဲ့ဒီတော့ ကျောင်းစာလေ့လာဖို့ကျွန်မမှာ အချိန်မရှိပါဘူး။ အဓိက ကတော့ ကျွန်မတို့မိသားစုက ဆင်းရဲတယ်လေ။" (ကလ-၁၂ ကလေးမြို့မှမသန်စွမ်းအမျိုးသမီး တစ်ဦး)

"ကျွန်တော် (၄) တန်းမှာ ကျောင်းထွက်ခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် မိဘတွေက စားဝတ်နေရေးအတွက် အလုပ်များကြတယ်လေ။ ကျောင်းကို သွားဖို့ လမ်းပန်းဆက်သွယ်ရေးက အရမ်းခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းနဲ့ အိမ်က အရမ်းဝေးလို့လေ။" (ကလ-၀၈ ကလေးမြို့မှ မသန်စွမ်းသူတစ်ဦး)

"ကျွန်မသားလေးက သူငယ်တန်းအထိပဲကျောင်းတက်ခဲ့ပါတယ် စာမေးပွဲဖြေလို့ မရဘူးလေ။ အဲ့ဒီတော့ (၁) တန်းကို ဆက်မတက်နိုင်ဘူးပေါ့။ သူငယ်တန်းကို (၃) နှစ် နေခဲ့ရပါတယ်။" (ထဝ-၁၁ ထားဝယ်မှ အကြားအာရုံအားနည်းသော ကလေးမိဘတစ်ဦး)

"သူမက (၄) တန်းက ကျောင်းထွက်ခဲ့တယ်။ အတန်းဖော်တွေကသူ့ကို ရယ်စရာလုပ် ကြတယ်။ အထူးသဖြင့် ယောကျာ်းလေးတွေပေါ့။ သူရှက်ရပါတယ်၊ နောက်တစ်ခုက အိမ်နဲ့ကျောင်းနဲ့ဝေးနေခြင်းပါ။" (ထဝ-၀၇ မသန်စွမ်းအမျိုးသမီး၏ညီမ)

## ကဏ္ဍ (၂) အတားအဆီးများကြောင့်၊ ပင်မကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးများကို၊ ချိတ်ဆက်မိမိနှင့်လက်လှမ်းမှီမရရှိနိုင်ခဲ့ကြခြင်း။

မြန်မာနိုင်ငံအတွင်းရှိပညာရေးစနစ်များသည် ဘယ်မသန်စွမ်းမှုမျိုးမဆိုရှိနေသော ကလေးများ အတွက် ထည့်သွင်း စဉ်းစားမှုမရှိပါဟုတွေ့ရပါသည်။ ဖြေကြားသူ မသန်စွမ်းသူများ၏ အတား အဆီးများကဲ့သို့သော အခက်အခဲအတွေ့အကြုံများကို အောက်တွင်ဖော်ပြထားပါသည်။ အခက်အခဲအတားအဆီးများကြောင့် မသန်စွမ်းသူများသည်စာသင်နှစ်ပြီးအောင် ကျောင်းတက် နိုင်ခြင်းမရှိဘဲ ကျောင်းထွက်လိုက်ရသည်ဆိုသည့် ရင်ဖွင့်သံများလည်းရှိပါသည်။ လက်ရှိပင်မ ကျောင်းတွင် စာသင်ကြားနေသော ဆရာ၊ ဆရာမများထံမှ ဖွင့်ဟပြောဆိုချက်မှာ ကလေးမြို့နှင့် ထားဝယ်မြို့များတွင် ယနေ့အထိတိုင်အတားအဆီးများရှိနေသေးသည်ဟုဖြေကြားခဲ့ပါသည်။

### မသန်စွမ်းမှုအပေါ်ထားရှိသည့်အမြင်သဘောထားများနှင့် စိတ်နေသဘောထားများ

#### မသန်စွမ်းကလေးများ၏ ပညာရေးအပေါ် မိဘများ၏ စိတ်နေသဘောထားအမြင်များ

ဖြေကြားသူ၏ ပြောကြားချက်အရ မသန်စွမ်းသူများ၏ မိဘများသည် သူတို့၏ သားသမီးများ အတွက် ပညာရေးနှင့် ပတ်သက်လာလျှင်အားပေးမှုမရှိသည့်အပြင် အရေးတယူဆောင်ရွက်ခြင်း လည်းမရှိပါ။ ဖြေကြားသူတစ်ဦးထံမှ ဖွင့်ဟပြောဆိုရာတွင် မိဘများသည် သူတို့၏သားသမီးများ စာမေးပွဲမအောင်မြင်ခဲ့ပါက(၁၀တန်းစာမေးပွဲအပါအဝင်)သူတို့ကိုအားပေးမည့်အစား ဆန့်ကျင်၍ ဆူပူကြိမ်းမောင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဤအရာများသည် မသန်စွမ်းကလေးများအား စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် မသန်စွမ်းမိဘများသည် သူတို့၏ သားသမီးများအပေါ် မျှော်လင့်ချက်ထားရှိမှုနည်းပါးနေသည်ကို တွေ့ရပါသည်။ သူတို့၏ သားသမီးများ တက္ကသိုလ်မှဘွဲ့ရခဲ့ရင်တောင်မှ သူတို့၏အသိတရားထဲတွင် ဤသားသမီး များသည် ဤဘွဲ့ဖြင့် မိမိသားသမီးတို့၏ဘဝအတွက်အလုပ် အကိုင်ရရှိမည်မဟုတ်ဟု တွေးထင် ထားခဲ့ပါသည်။

“(၁၀) တန်းစာမေးပွဲကျတဲ့အခါကြတော့ စိတ်ဓါတ်ကျနေတာကို အားပေးမယ့်အစား မိဘတွေက ကျွန်မကိုဆူတယ်လေ။ နင့်ကိုကျောင်းပျော်ထားတာမဟုတ်ဘူး၊ သူတို့အတွက်အရမ်းကိုခက်ခဲပါတယ်လို့ သူတို့ကပြောပါတယ်။” (ကလ-၁၂-(၁၀) တန်း (၂) ကြိမ် ကျရှုံး၍ ကျောင်းထွက်လိုက်သော မသန်စွမ်းအမျိုးသမီးတစ်ဦး)

“သူတို့တွေဘွဲ့ရပေမယ့်လည်း ဒါကအသက်သွေးကြောမဟုတ်ပါဘူးလို့ မိဘတွေကထင်ကြတယ်။ ဘာလို့လဲဆိုတော့ ကုမ္ပဏီတွေက သူတို့ကိုဝန်ထမ်းအနေနဲ့ခန့်မှာ မဟုတ်ပါဘူး။ မသန်စွမ်းသူတွေက ဘယ်တော့မှရာထူးကြီးတဲ့အလုပ်ကို ရမှာမဟုတ်ဘူး၊ ဒါ့ကြောင့်မို့ အခြေခံလောက် ဆိုရင် တော်ပါပြီ။” ဥပမာ (၁+၂=၃) (T2 ထ၀ FGD)

### မသန်စွမ်းကလေးများအတွက် ပညာရေးစနစ်တွင်မိဘများနှင့် ပင်မကျောင်းမှ ဆရာ၊ ဆရာမများသည် မသန်စွမ်းမှုဆိုင်ရာနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အသိပညာ မြှင့်တင်ပေးခြင်း အစီအစဉ်များ မရှိခြင်း

ပညာရေးစနစ်ဟောင်းတွင်(၂၀၁၅ခုနှစ်မတိုင်မီ) မသန်စွမ်းမှုနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာများအား အသိပညာမြှင့်တင်ပေးသည့် အစီအစဉ်များရေးဆွဲထားခဲ့ခြင်းမရှိဟု တွေ့ရပါသည်။ သုတေသနတွင် ပါ၀င်သူများထဲမှဖြေကြားရာတွင် ဖော်ပြထားသည်မှာ မသန်စွမ်းမိဘများနှင့် မိမိတို့ကိုယ်တိုင်ပင်လျှင် ဤကဲ့သို့သော "မသန်စွမ်းမှုနှင့် လူတိုင်းအကျုံးဝင်ပညာရေး”ဆိုင်ရာနှင့်ပတ်သက်သည့် အသိပညာပေးမှုများကို ယနေ့ထိတိုင်မရရှိ ခဲ့သေးပါဟု ဆိုကြပါသည်။ သူတို့အထဲတွင် ငယ်ရွယ်စဉ် ကလေးဘ၀ကတည်းက အမြစ်တွယ်အရိုးစွဲနေသော ယုံကြည်မှုတစ်ခုမှာ မသန်စွမ်းကလေးများအား အထူးကျောင်းများသို့သာ ပို့ဆောင်ရမည်ဟူသော အရာဖြစ်ပါသည်။ မသန်စွမ်းကလေးများသည် ပုံမှန်မဟုတ်သောကြောင့် သာမာန်ကလေးများနှင့် သီးသန့်ခွဲထားပြီး သင်ကြားပေးသင့်ပါသည်။ အခြားသောကျောင်းသူ၊ ကျောင်းသားများ(သန်စွမ်းကလေး)များနှင့် အတူတကွစာသင်ကြားနိုင်ရန်အတွက်ဖြစ် နိုင်ခြေမရှိပါ။ အသိပညာပေးမှုများကိုမရရှိခဲ့သောရလဒ်အနေဖြင့် မိဘများသည် မိမိတို့၏ ကလေးများအား ပင်မကျောင်းများထက် အထူးကျောင်းများသည် သူတို့၏ သားသမီးများအတွက်

ပိုမို၍သင့်တော်သည်ဟုယူဆထားကြပါသည်။ ထို့ကြောင့် မိဘများသည် သူတို့၏ သားသမီးများကို ပင်မကျောင်းများတွင် အပ်နှံရန်မကြိုးစားကြတော့ပါ။ ဤအရာသည် မသန်စွမ်း ကလေးများအတွက် ပင်မကျောင်းပညာရေးရရှိရန် အတားအဆီး ဖြစ်သွားပါသည်။ မိဘများသည် မသန်စွမ်းမှုဆိုင်ရာလူမှုရေးအမြင်နှင့်လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာသဘောတရားများ၏ အသိပညာပေးများကို မရရှိခဲ့သောကြောင့်ဖြစ်ပါသည်။

"ထားဝယ်တွင် မသန်စွမ်းကလေးတွေရဲ့ ပညာရေးအတွက် အထူးကျောင်းတစ်ခု ရှိသင့်ပါတယ်။" (ထ၀-၀၂ ထားဝယ်မှမသန်စွမ်းသူ)

"မသန်စွမ်းသူတွေအတွက် သီးသန့်ပံ့ပိုးပေးတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ အထူးကျောင်းတွေ ဖွင့်ပေးစေချင်တယ်။" (ထ၀-၁၁ အကြားအာရုံချို့ယွင်းသူ၏ မိသားစုဝင်)

ပညာရေးစနစ်တွင်(၂၀၁၅ခုနှစ်နောက်ပိုင်း) မိဘများနှင့်ပင်မကျောင်းမှဆရာ၊ဆရာမများအား လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာသင်တန်းများ ပံ့ပိုးပေးရာတွင် အားနည်းနေသေးသည်ဟု ထပ်မံ၍ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံပညာရေးစနစ်တွင် အသိပညာပေးအစီအစဉ်များ မရှိခဲ့သောကြောင့် ရလဒ်အနေဖြင့် မြို့နယ် (၂) မြို့နယ်အတွင်းရှိ ပင်မကျောင်းများမှဆရာ၊ ဆရာမများသည် မသန်စွမ်းကလေးများကို အထူးကျောင်းများတွင် ဆက်လက်၍ ပို့ဆောင်ရန် လိုအပ်နေသေးသည်ဟု ယနေ့ထိတိုင်အမှတ်မှားကြပါသည်။

အစိုးရမှ အမျိုးသားပညာရေး ဥပဒေပြင်ဆင်ချက်(၂၀၁၅)နှင့် အမျိုးသားပညာရေး မဟာဗျူဟာ အစီအစဉ်(NESP)(၂၀၁၆မှ၂၀၂၁)အရ ဥပဒေပြဋ္ဌာန်းထားသော်လည်း ကလေးမြို့နှင့် ထားဝယ်မြို့တွင်ရှိသော ပင်မကျောင်းမှဆရာ၊ ဆရာမများသည် မသန်စွမ်းကလေးများကို မိမိတို့ ကျောင်းတွင် လိုလိုလားလား လက်မခံနိုင်ကြသေးပါ။ ဖြေကြားသူထံမှ ဖွင့်ဟ ၏ပြောဆိုချက်မှာ မသန်စွမ်းကလေးများကျောင်းအပ်နှံသည့် အချိန်ရောက်ရှိ လာသည့်အခါတွင် မိမိတို့၏ ကျောင်းတွင် လက်ခံမည်ဆိုသည်ထက် အထူးကျောင်းများသို့ သွားရောက်အပ်နှံရန် အတွက် လမ်းညွှန်မှုများကို ပိုမို၍လုပ်ဆောင်လာကြပါသည်။

“ကျွန်မအမြင်ကတော့ မသန်စွမ်းကလေး ၄-၅ ယောက်ကိုစုပြီး ပင်မကျောင်းမှာ စာသင်ပေးတာထက် သူတို့ကိုကျောင်းထဲမှ သီးသန့်ခွဲပြီးသင်တာက ပိုကောင်းပါတယ်။” (ကလ-T5 FGD ကလေး)

“အစိုးရမှ မသန်စွမ်းကလေးတွေကို သီးသန့်ကျောင်းမှာ သင်ပေးပြီး အထူးအောင်လက်မှတ်တွေပေးရင် ပိုကောင်းပါတယ်။” (ကလ-T2 FGD ကလေး)

“တကယ်လို့ ဒေင်လိုကျောင်းမျိုး ထားဝယ်မြို့မှာ ရှိတယ်ဆိုရင် မသန်စွမ်းတဲ့ကလေးတွေကို ကျွန်မကျောင်းမှာ လက်မခံပါဘူး။ မသန်စွမ်းကလေးတွေအတွက် အချိန်မပေးနိုင်ဘူး။ အထူးကျောင်းတွေကိုပဲ လမ်းညွှန်ပေးလိုက်ချင်တယ်။” (ထဝ T2 FGD ထားဝယ်)

ဆရာ၊ ဆရာမများသည် မသန်စွမ်းကလေးများ၏ လေ့လာသင်ယူမှုစွမ်းရည်အပေါ် အပြစ်ဖို့ကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆရာ၊ ဆရာမများသည် လူမှုရေးအမြင်၊ လူတိုင်းအကျုံးဝင်ပညာရေးအမြင်နှင့်  အကျုံးဝင်ခြင်းဆိုင်ရာ သင်ကြားနည်း ပညာသဘော တရားများထက် အကျုံးဝင်ခြင်းဆိုင်ရာနည်းပညာဗဟုသုတ များမရှိခြင်းကို ပို၍ဦးတည်တွေ့ရှိရပါသည်။ ဆရာ၊ ဆရာမများသည် ကလေးများကို လက်ရှိပုံမှန်လည်ပတ်နေသော၊ ပုံစံခွက်ဖြစ်နေသောပညာရေးစနစ်ထဲသို့ အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားနေကြပါသည်။ လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ကြားခြင်းအဆင့်ဆင့်နှင့် ချည်းကပ်နည်းများသည် ကလေး၏လိုအပ်ချက်အပေါ် မူတည်ပြီး အလိုက်သင့်ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။

သို့သော်လည်း ဆရာ၊ ဆရာမများသည် လက်ရှိသင်ကြားခြင်းဖြစ်စဉ်များနှင့် ချည်းကပ်နည်းများကိုက်ညီမှုရှိစေရန်နှင့် ကလေးများအား အံဝင်ခွင်ကျဖြစ်အောင်သာကြိုးစားနေကြပါသည်။ လက်ရှိ သင်ကြားခြင်းအဆင့်ဆင့်နှင့်ချည်းကပ်နည်းများဖြင့် ကိုက်ညီမှုမရှိပါက ထိုကလေးအားပယ်ချလိုက်ပါသည်။ ဆရာ၊ ဆရာမများသည် သင်ကြားခြင်းအဆင့်ဆင့်တွင် အလိုက်သင့်သင်ကြားခြင်းဆိုသည့် ကျွမ်းကျင်မှုများမရှိကြပါ။ အကျုံးဝင်ခြင်းဆိုင်ရာသင်ကြားနည်း၏

သဘောတရားနှင့် ကျွမ်းကျင်မှုများလည်းမရှိကြပါ။ သူတို့သည် ကလေးသည်သာ ပြဿနာဟု ထင်မြင်ယူဆကြပါသည်။

> “ကျောင်းသားလေးတွေအဖွဲ့လိုက်ကစားနေတဲ့အချိန်မှာ အခြားကလေးတွေက သူ့ကို အဖွဲ့ဝင်အနေနဲ့ မပါဝင်စေချင်ဘူး။ သူကအဲ့ဒီအဖွဲ့မှာပါနေရင်အမြဲရှုံးတယ်၊ ဒါ့ကြောင့် အခြားကလေးတွေရဲ့ အတွေးထဲမှာ သူပါရင်ငါတို့တော့ရှုံးမှာပဲလို့ ထင်ကြပါတယ်၊ တစ်ကယ်တမ်းကျတော့ သူတို့အတွေးကလည်းမှန်ပါတယ်။ ဒါပေမယ့် ကျွန်မကတော့ သူတို့ကိုပြောတယ် သူ့ကိုလည်းပါဝင် ခွင့်ပေးကြပါလို့။” (ကလ T5 FGD ကလေး)

အခြားစိတ်ဝင်စားစရာကောင်းသော တွေ့ရှိချက်မှာ ဆရာမတစ်ဦးမှ မသန်စွမ်းမှုနှင့် ပတ်သက်သည့် အလွန်မှားယွင်းသည့် သတင်းအချက်အလက်ကို လက်ခံရရှိထားခဲ့ပါသည်။ လွန်ခဲ့သော(၁၀)နှစ်ခန့်က ဆရာမတစ်ဦးသည် စာအုပ်တစ်အုပ်မှ မသန်စွမ်းမှုနှင့်ပတ်သက်ပြီး မှားယွင်းစွာ အကြံပြုထားသော သတင်းအချက်အလက်များရရှိထားသည်မှာ မသန်စွမ်းမှုသည် ကူးစက်နိုင်သောရောဂါဖြစ်ပြီး အညစ်အကြေးနှင့်ဆီးမှတဆင့် ရောဂါကူးစက်နိုင်သည်ဟုဆိုပါသည်။ ဤကဲ့သို့သောသတင်းအချက်အလက်များကြောင့် မသန်စွမ်းကလေးများသည် ကျောင်းများတွင် အိမ်သာကို ကောင်းမွန်စွာအသုံးပြုရန်မလိုပါဟု သူမထင်မြင်ခဲ့ပါသည်။ မသန်စွမ်းမှုသည် (ရောဂါအမျိုးအစား) အခြားသောကျောင်းသားများထံသို့ ကူးစက်နိုင်သည်။ ထို့ကြောင့် သူမသည် မသန်စွမ်းမှုရှိသောကလေးများကို သူမ၏အတန်းတွင် လက်မခံချင်ခဲ့ပါ။ သူမက ထိုမသန်စွမ်းမှုသည် အခြားသောသူများကို ကူးစက်သွားမည်ကို ကြောက်ရွံ့သောကြောင့် ဖြစ်ပါသည်။

## ရပ်ပိုင်းဆိုင်ရာအတားအဆီးများ။

### ကျောင်းအဆောက်အဦးများသည် မသန်စွမ်းကလေးများအတွက် လက်လှမ်းမီရယူသုံးစွဲနိုင်ရန် အကန့်အသတ်ဖြင့် ထည့်သွင်းစဉ်းစားခြင်း။

စနစ်ဟောင်းတွင် ကျောင်းအဆောက်အဦးများသည် ချို့ယွင်းမှုရှိသော ကလေးများအတွက် လက်လှမ်းမီစွာ ရယူသုံးစွဲနိုင်အောင် ထည့်သွင်းစဉ်းစားခြင်းမရှိဟု တွေ့ရှိထားပါသည်။ မသန်စွမ်းတစ်ဦးဖြေကြားချက်မှာ သူတို့ငယ်စဉ်ဘဝကတည်းက ကျောင်းအဆောက်အဦးနှင့်ပတ်သက်ပြီး အခက်အခဲအတော်များများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ အချို့သောကျောင်းများသည် ၂ထပ်၊ ၃ထပ်အဆောင်များဖြစ်ပြီး ပိုလီယိုကဲ့သို့လှုပ်ရှားသွားလာရန်အတွက် ခက်ခဲသော ကလေးများမှာ သူတို့၏စာသင်ခန်းများသည် အဆောက်အဦး၏ ပထမအထပ် (သို့) ဒုတိယအထပ်တွင် တည်ရှိနေပါသည်။

များသောအားဖြင့် စာသင်ခန်းများသည်အပေါ်ထပ်တွင် တည်ရှိနေကြပါသည်။ (ဒုတိယထပ် (သို့) တတိယထပ်) ။ ထိုကြောင့် မသန်စွမ်းကလေးများမှ အပေါ်ထပ်သို့တက်ရန် ကြီးမားသော စိန်ခေါ်တစ်ခုဖြစ်နေပါသည်။ ကလေးများသည် သူတို့၏သူငယ်ချင်းများထံတွင် အကူအညီတောင်းခံရမည်ဖြစ်သောကြောင့် ရှက်ကြောက်ခြင်းဆိုသည့်ခံစားချက်များနှင့် သိမ်ငယ်စိတ်များ သူတို့တွင် ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် မသန်စွမ်းကလေးများသည် လက်လှမ်းမီရယူသုံးစွဲနိုင်မှုမရှိသော ကျောင်းအဆောက်အဦးများကြောင့် ကျောင်းမှ ထွက်ခဲ့ရပါသည်။

> “ကျွန်တော်ကျောင်းတက်ခဲ့တုန်းက ကျောင်းအဆောက်အဦးက (၄) ထပ်ဖြစ်နေပါတယ်။ အပေါ်အတက်အဆင်းလုပ်ဖို့ ကျွန်တော့်အတွက် အလွန်ခက်ခဲခဲ့ပါတယ်။ ကျွန်တော့်အတွက်အဆင်မပြေခဲ့ပါဘူး။ ကျွန်တော့်အရှက်တကွဲဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်လိုလေဖြတ်တဲ့ ကျောင်းသားတွေအတွက်တော့ အပေါ်ထပ်ကအဆင်မပြေပါဘူး။ စာသင်ခန်းက မြေညီထပ်မှာရှိနေတဲ့ အဆောက်အဦးမျိုးဆိုရင်တော့

ကျွန်တော်တို့အတွက် အဆင်ပြေတာပေါ့ဗျာ။ အိမ်သာနဲ့လည်းနီးမယ်ဆိုရင်ပေါ့။" (ထ၀-၀၂ ဇတန်းထိ ကျောင်းတက်ခဲ့သော ထားဝယ်မှမသန်စွမ်းသူ)

"ကျွန်တော် ကျောင်းတက်ခဲ့တုန်းက စာသင်ခန်းတွေကအပေါ်ထပ်မှာပဲရှိနေတယ်။ အပေါ်တက်၊ အောက်ဆင်းရတာမလွယ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က လှုပ်ရှားသွားလာဖို့အတွက်ခက်ခဲတယ်လေ။" (ကလ-၀၃ ဇတန်းအထိ ကျောင်းတက်ခဲ့သော ကလေးမှ မသန်စွမ်းသူ)

ပညာရေးစနစ်သစ်နှင့်ပတ်သက်ပြီး ဆရာ၊ ဆရာမများထံမှ တုန့်ပြန်ဖြေဆိုမှုများသည် မသန်စွမ်းကလေးများအတွက် အဆင်ပြေချောမွေ့မှုရှိသော အဆောက်အဦးများ ဖန်တီးတည်ဆောက်ခြင်းတွင် ယခုသည့်တိုင်အကန့်အသတ်များ ရှိနေပါသေးသည်။

"သူ (သူမကျောင်းတွင် တက်နေသော မသန်စွမ်းကျောင်းသား) အပေါ်တက်ရန် ခက်ခဲပါသည်။ အပေါ်ထပ်တက်ရန် အခြားသူမှ သူ့ကို ကူညီရတယ်။" (ကလ - T6 FGD ကလေး)

## မသန်စွမ်းကလေးများအတွက် ကျောင်းအိမ်သာများ ထည့်သွင်းစဉ်းစားပေးမှုအားနည်းခြင်း။

စနစ်ဟောင်းသာမက လက်ရှိပညာရေးစနစ်တွင်လည်း မသန်စွမ်းမှုရှိသောကလေးများအတွက် လက်လှမ်းမီစွာဖြင့် သုံးစွဲနိုင်သောကျောင်းအိမ်သာများ အရေးတယူလုပ်ဆောင်ပေးမှု မရှိပါဟု တွေ့ရပါသည်။ ထားဝယ်မှ ဖွင့်ဟပြောဆိုထားသည်မှာ လက်လှမ်းမီရယူသုံးစွဲနိုင်မှု မရှိသော အိမ်သာများ ကျောင်းထဲတွင် ရှိမြဲရှိနေပါသေးသည်။ ဤအရာသည် မသန်စွမ်းကလေးများ ကျောင်းထွက်သွားရန်အတွက် အကြီးမားဆုံးသော အကြောင်းပြချက်တစ်ခုဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုမှ ဖြေကြားချက်အရ သူတို့ကျောင်းတက်ခဲ့စဉ်အခါက လမ်းလျှောက်ရန်ခက်ခဲသော ကလေးများအတွက် အဆင်ပြေစွာ အသုံးပြုနိုင်သောအိမ်သာများ သူတို့ကျောင်းတွင်မရှိပါ။ အိမ်သာများသည် ကျောင်းအဆောင်အဦးရှိ စာသင်ခန်းများနှင့် ဝေးကွာစွာတည်ရှိနေခြင်း၊ မိုးရာသီအချိန်တွင် အိမ်သာသို့သွားသောလျှောက်လမ်းများသည် ရွှံ့ဗွက်များ ရှိနေခြင်းကြောင့်

လမ်းလျှောက်ရာတွင် မကြာခဏချော်လဲခြင်း၊ ထို့အတူပင် လှုပ်ရှားသွားလာမှုခက်ခဲသော ကလေးများသည် ဤကဲ့သို့သောအိမ်သာများကို အသုံးပြုရာတွင် အလွန်အခက်အခဲရှိပါသည်။ အကြောင်းမှာ အိမ်သာအလွန် ညစ်ပတ်သောကြောင့်ဖြစ်ပါသည်။ ၎င်းအိမ်သာထိုင်ခုံများသည် သူတို့အတွက် လုံးဝအဆင်ပြေမှုမရှိသောကြောင့်ဖြစ်ပါ သည်။

> "ကျောင်းသားဘဝတုန်းက အိမ်သာတက်ချင်ရင် အိမ်သာကိုလေးဘက်တွားပြီး သွားရပါတယ်။ သွားတဲ့လမ်းတစ်လျှောက်မှာ သစ်ကိုင်းခြောက်လေးတွေ၊ ကျောက်တုံးလေးတွေနဲ့ အမှိုက်တွေအများကြီးရှိပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်အတွက် အဆင်မပြေဘူး။ ကျောင်းမှာမသန်စွမ်းသူတွေအတွက် အိမ်သာလိုပါတယ်။" (ထ၀-၀၂ ၈တန်းနှင့်ကျော င်းထွက်သွားသော မသန်စွမ်းသူ)
>
> "ကျွန်တော်ငယ်စဉ်ကျောင်းသားဘဝတုန်းက ကျွန်တော့်တွက်အဓိကပြဿနာဟာဆိုရင် ကျောင်းအဆောက်အဦးနဲ့ အိမ်သာပဲဖြစ်ပါတယ်။ အဲဒီတုန်းက ပင်မကျောင်းတွေမှာ မသန်စွမ်းကလေးတွေအတွက် လွယ်ကူစွာ အသုံးပြုနိုင်တဲ့အိမ်သာမရှိပါဘူး၊ ဒါဟာ မသန်စွမ်းကလေးတွေအတွက် အဆင်မပြေဘူး။" (ထ၀-၀၉ ထား၀ယ်မှ မသန်စွမ်းသူ)
>
> "ဒီမှာအသုံးပြုတဲ့အိမ်သာတွေက ဟိုအရင်ကတည်းက ရိုးရိုးပဆစ်တုပ်ထိုင် အိမ်သာတွေပဲ ရှိပါတယ်။ ဒီလိုမျိုးအိမ်သာတွေကိုအသုံးပြုရတဲ့ မသန်စွမ်းကလေးတွေဟာ နှစ်တိုင်းလိုလိုအခက်အခဲတွေရှိ ကြပါတယ်။" (ထ၀ T8 FGD ထား၀ယ်)

## ပညာရေးတွင် မသန်စွမ်းကလေးများအတွက် သွားရေးလာရေးအစီအစဉ်များ ကြိုတင်ပြင်ဆင်ပေးထားမှုမရှိခြင်း။

ကျောင်းအဆောက်အဦးနှင့်စပ်လျဉ်းပြီး အတားအဆီးဆိုသည့်အရာကို ထပ်မံဖြည့်စွက်ခြင်းသည်မှာ ကျောင်းများသည် လှုပ်ရှားသွားလာမှုခက်ခဲသောကလေးများအတွက် သွားရေးလာရေးများ စီစဉ်ထားခြင်းမရှိပါ။ ဤအရာသည် ကျောင်းနေရန်အရွယ်ရောက်သော မသန်စွမ်းကလေးများကျောင်းသို့ ရောက်မလာရန် အတားအဆီးများထဲမှ တစ်ခုဖြစ်ပါသည်။ သွားရေးလာရေး အခြေအနေသည် မြို့ပြထက်ကျေးလက်ဒေသမှာ ပိုမို၍ဆိုးရွားလှပါသည်။ ကျောင်းနှင့်

အိမ်ဝေးကွာခြင်းက ပြဿနာမဟုတ်ပါ။ သွားလာရေးအစီအစဉ်များထားရှိခြင်းက ပို၍အရေးကြီးပါသည်။ အကယ်၍ သွားလာရေးအနေအထားကဲ့သို့သော လမ်း၊တံတားနှင့် သွားလာရေးစနစ်များအား မသန်စွမ်းကလေးများကို အဆင်ပြေစွာအသုံးပြုစေပါက သူတို့ဘယ်နေရာမှာဘဲရှိနေပါစေ၊ ကျောင်းသို့လာနိုင်မည်ဖြစ်ပါသည်။

> "ကျွန်မရဲ့ မိဘတွေက စားဝတ်နေရေးအတွက်အရမ်းကိုရုန်းကန်ရပါတယ်။ ဒါကြောင့် သူတို့က ကျောင်းမထားနိုင်ကြပါဘူး။ လမ်းပန်းဆက်သွယ်ရေးကလည်း အရမ်းကို ခက်ခဲပါတယ်။ ကျောင်းနဲ့ အိမ်ကလည်း အဝေးကြီးပါပဲ။" (ကလ-ဂ၈ ကလေးမှ မသန်စွမ်းသူတစ်ဦး)
>
> "ကျောင်းကိုသွားတဲ့လမ်းက သူ့အတွက်အဆင်မပြေပါဘူး၊ တစ်ယောက်ယောက်ကတော့သူ့ကို ကူညီရ တာပါပဲ။" (ထ၀-၀၁ ထားဝယ်မှ မသန်စွမ်းသူ၏ မိသားစုဝင်)

ကျေးလက်ဒေသအတော်များများ၌ အခြေခံမူလတန်းကျောင်းများ တစ်ရွာလျှင် တစ်ကျောင်းခန့်ရှိပါသည်။ အခြေခံပညာမူလတန်းပြီးဆုံးပါက ပုံမှန်ဆိုလျှင် ကျောင်းသားများသည် သူတို့ရွာထက်ပိုဝေးသောရွာသို့လည်းကောင်း၊ အနီးဆုံးမြို့နယ်ရှိ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသို့လည်းကောင်း သွားရစမြဲဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသို့သွားနိုင်ရန်အတွက် သွားလာရေး ဆိုင်ရာ နည်းလမ်းများလိုအပ်ပါသည်။

> "မသန်စွမ်းသူတစ်ဦးနဲ့ ရွာမှာဆုံတဲ့အချိန်မှာ ငယ်ငယ်တုန်းက ကျောင်းတက်ဖူးသလားလို့မေးခဲ့ပါတယ်။ သူနေတဲ့ရွာမှာ (၄) တန်း အထိ တက်ခဲ့ပါတယ်။ သူတို့ရွာမှာက အလယ်တန်းကျောင်း မရှိဘူးလေ။ (၄) တန်း စာမေးပွဲဖြေပြီး သူကျောင်းထွက်လိုက်ရပါတယ်။" (ထ၀-၁၉ ထားဝယ်မှမသန်စွမ်းသူ)

## မသန်စွမ်းကလေးများအားသင်ကြားခြင်းဆိုင်ရာအတားအဆီးများ။

### အတွေ့အကြုံရှိပြီး လုပ်သက်ဝါရင့်သောဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာ၊ ဆရာမများ အတွက် အကျုံးဝင်ခြင်း ဆိုင်ရာသင်ကြားနည်းပညာများမရှိခြင်း။

ပညာရေးစနစ်ဟောင်းတွင် ဝါရင့်ဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာ၊ဆရာမများအတွက် အကျုံးဝင်ခြင်းဆိုင်ရာ သင်ကြားနည်းပညာများပံ့ပိုးထားခြင်းမရှိဟု တွေ့ရှိရပါသည်။ နောက်ဆုံး ရလဒ်အနေဖြင့် ဆရာ၊ ဆရာမများသည် မသန်စွမ်းကလေးများကို သင်ကြားရာတွင် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရပါသည်။ ထားဝယ်မြို့နှင့် ကလေးမြို့တွင် ရှိသော ဖြေကြားသူထံမှ ပြောကြားချက်အရ (မသန်စွမ်းသူနှင့်မိသားစုဝင်များ)ကျောင်း၌ စာသင်ကြားနေသောဆရာ၊ ဆရာမများသည် အကျုံးဝင်ခြင်းနည်းပညာ ဆိုင်ရာဗဟုသုတနှင့် ကျွမ်းကျင်မှုများမရှိကြသလို မသန်စွမ်းမှုအမျိုး အစားကိုလည်းမသိကြပါ။

ဆရာ၊ဆရာမများ၏ သုံးသပ်ချက်မှာ အကြားအာရုံနှင့် ဉာဏ်ရည်ချို့ယွင်းမှုရှိသော ကလေးများကို သင်ကြားရာတွင်သူတို့၌ ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုမရှိဟု ဖေါ်ပြပါသည်။ နောက်ဆက်တွဲအကျိုးဆက်မှာ ပင်မကျောင်းများတွင် မသန်စွမ်းကလေးများကို သန်စွမ်းကလေးများနှင့်အတူ စာသင်ခန်းထဲတွင် မည်ကဲ့သို့သင်ကြားရ မည်ဆိုသည်ကိုမသိကြပါ။ ရလဒ်အနေဖြင့် မသန်စွမ်းကျောင်းသားများသည် ကျောင်း၌ပညာသင်ကြားရာတွင် ကြီးမားသော စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

> "သူ့မှာက အကြားအရုံချို့ယွင်းတယ်လေ။ ဆရာမတွေဘာပြောလဲဆိုတာကိုလည်း မကြားတော့ အဆင်မပြေဘူးလေ။" (ထဝ-၁၀ ထားဝယ်မှမသန်စွမ်းသူ၏ မိသားစုဝင်)
>
> "သူ့ကိုတော့လက်ခံပါတယ်။ ဒါပေမယ့် သူကကြားလည်းမကြား၊ စကားလည်းမပြော။ သူ့ဆရာတွေကတော့ လက်ဟန်ခြေဟန်နဲ့သင်ပေးပါတယ်။ သူ့အတွက်အဆင်မပြေ ပါဘူး။" (ထဝ-၁၀ ထားဝယ်မှ မိသားစုဝင်)

ပါဝင်ဖြေကြားသူတစ်ဦးထံမှပြောကြားချက်အရ အမျိုးသားပညာရေးအစီအစဉ်တွင် ပင်မကျောင်းများမှ ဆရာ၊ ဆရာမများအတွက် အကျုံးဝင်ခြင်းနည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းရှိသော်လည်း မြေပြင်တွင် ဤအရာနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက်စမ်းသပ်မှုမပြုလုပ်နိုင်ခဲ့သေးပါ။

> “သူ့ကိုသင်ရတာလေ သာမန်သင်နည်းနဲ့တော့ကွာတာပေါ့။ သူ့ကို တခြားသာမန်ကလေးတွေသင်သလို သင်လို့မရဘူးလေ။ အဲ့ဒါနဲ့သူ ၃တန်းမှာ ကျောင်းထွက်သွားရော။” (ထ၀-T1 ထားဝယ်မှ FGD)
>
> “သူဟာ အကြားအာရုံချို့ယွင်းသောကလေးတစ်ယောက်ပါ။ သူ့ကိုသင်ပေးရတာ ကျွန်မတို့အတွက် တော်တော်ခက်ခဲပါတယ်။ သင်္ချာသင်ပေးရတာတော့ အဆင်ပြေပါတယ်။ မြန်မာစာကဲ့သို့သော ဘာသာစကားနှင့်ဆက်စပ်သည့် ဘာသာရပ်များကို သင်ပေးရတာပိုပြီးခက်ခဲမှုရှိပါတယ်။” **(ကလ-T6 ထားဝယ်မှ FGD)**

မသန်စွမ်းကလေးများသည် ကျောင်းနေစဉ်ကာလ စာမေးပွဲဖြေရာတွင် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ ထိုသက်သေအထောက်အထားသည် ဆရာ၊ ဆရာမများမှ မသန်စွမ်းကလေးများအတွက် အဆင်ပြေစွာအသုံးပြုနိုင်သော စာသင်ခန်းပတ်ဝန်းကျင်တစ်ခုဖန်တီး မပေးနိုင်ကြောင်းကို ပြသနေပါသည်။ မသန်စွမ်းကလေးများမှလည်း ဆရာ၊ ဆရာမများမှ သူတို့အား ဘာပြောသည်ဆိုသည်ကို အမိအရဖမ်းဆုပ်နိုင်ခြင်းမရှိပါ။

> “သူကမူကြိုတက်ခဲ့ပါတယ်။ သူစကားမပြောဘူး၊ မကြားပါဘူး။ သူ့ပညာရေးက အဆင်မပြေပါဘူး။ ၁တန်း၊ ၂တန်းမတက်ခဲ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာမေးပွဲ ဘယ်လိုဖြေရမလဲဆိုတာ မသိပါဘူး။” (ထ၀-၁၁ မသန်စွမ်းမိသားစုဝင်တစ်ဦး)

## သင်ထောက်ကူပစ္စည်းများနှင့်ကျောင်းအတွက်လိုအပ်သောအထောက်အကူပစ္စည်းများပံ့ပိုးမှုအားနည်းသည့်စနစ်။

ပညာရေးစနစ်ဟောင်းနှင့် စနစ်သစ်(၂)မျိုးစလုံးတွင် မသန်စွမ်းကလေးများ၏ လိုအပ်ချက်ဖြစ်သည့် သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းအတွက်လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ပံ့ပိုးရန်ပျက်ကွက်သည်ဟုထွက်ပေါ်လာပါသည်။ ဖြေကြားသူထံမှ သူတို့ငယ်ရွယ်စဉ် ကျောင်းသားဘဝ၌ ဤကဲ့သို့သောသင်ထောက်ကူပစ္စည်းများ၊ အထောက်အကူပြုကိရိယာများ၊ ကျောင်းမှာ ထောက်ပံ့ပေးမှုများမရရှိခဲ့ပါဟုပြောခဲ့ပါသည်။ အမြင်အာရုံချို့ယွင်းမှုရှိသော ကလေးများသည် ပင်မကျောင်းများတွင် လက်စမ်းစာများကို အသုံးမပြုနိုင်ခဲ့ရပါ။ ကျောင်း၏ ထောက်ပံ့ပေးသော ပစ္စည်းများကို သူတို့လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းမရှိခဲ့ပါ။ ပင်မကျောင်းများမှ ဆရာ၊ ဆရာမများသည်လည်း မသန်စွမ်းကလေးများအတွက် လွယ်ကူချောမွေ့သော အထောက်အပံ့ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ မရှိသလောက်နည်းပါးသည်ကို ထောက်ပြခဲ့ပါသည်။

> "ကျွန်တော် စာမဖတ်တတ်လို့ ကျောင်းမတက်ခဲ့ရပါဘူး။ ပင်မကျောင်းတွေမှာက ပုံနှိပ်စာပဲသုံးပြီး လက်စမ်းစာမသုံးပါဘူး။ အဲ့ဒီတော့ ကျွန်တော်အတွက် အဆင်မပြေဘူး။" (ကလ-၀၉ ကလေးမှ အမြင်အာရုံချို့ယွင်းသူ)
>
> "မသန်စွမ်းကလေးများပင်မစာသင်ကျောင်း တက်နိုင်ဖို့အတွက် ပင်မစာသင်ကျောင်းမှာရှိတဲ့ စာသင်ခန်းအချို့ကို ပြုပြင်ပြောင်းလဲပေးသင့်ပါတယ်။ ကျောင်းတက်စဉ်တည်းက စာသင်ခန်းထဲက စာသင်ခုံတွေဟာ ကျွန်တော့်အတွက် အဆင်မပြေပါဘူး။" (ကလ-၀၈ ၄တန်းမှာကျောင်းထွက်သွားသော မသန်စွမ်းသူတစ်ဦး)
>
> "အစိုးရမှ၊ မသန်စွမ်းကလေးများကို သင်ကြားခြင်းအတွက် လိုအပ်သော ဆရာ/မများနှင့် ပံ့ပိုးမှုပစ္စည်းများလုံလောက်စွာ မပံ့ပိုးပေးနိုင်ပါဘူး။" (ထ၀- T5 ထားဝယ်မှ FGD)

## ဆရာ၊ ဆရာမများအရေအတွက် မလုံလောက်ခြင်း။

ကျောင်းများတွင် ဆရာ၊ ဆရာမများ၏ အရေအတွက် အလုံအလောက်မရှိခြင်းမှာ ယနေ့ထိတိုင် ဖြစ်နေပါသည်။ မြို့နယ်နှစ်မြို့နယ်လုံးရှိ အုပ်စုလိုက်ဆွေးနွေးမှုများတွင် ပါဝင်ကြသော ဆရာ၊ ဆရာမများ၏ ဖြေကြားချက်အရ ဆရာ၊ ဆရာမအရေအတွက်မလုံလောက်ခြင်းသည် အဓိက ပြဿနာတစ်ခု ဖြစ်နေပါသည်။ ဆရာ၊ ဆရာမများသည် မသန်စွမ်းကလေးများ သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းသင်ကြားပေးခြင်းမှ ကန့်ကွက်ကာကွယ်မှုသည် သင်ယူ လေ့လာခြင်းတွင် အတားအဆီးတစ်ခုကဲ့သို့ ဖြစ်နေပါသည်။ ဆရာဆရာမများသည် သူတို့ ကျောင်းတွင် လာတက်ကြသော မသန်စွမ်းကျောင်းသားများကို အဆင်ပြေချောမွေ့သော နည်းလမ်းများတွင် သင်ကြားခြင်းအတွက် သူတို့ကို ဂရုမစိုက်ပေးနိုင်ကြပါ။

> "မသန်စွမ်းကလေးများကို သင်ကြားပေးဖို့ ကျောင်းမှာဆရာ/မ အလုံအလောက်မရှိပါ။ ကလေးဦးရေမှာ များပြားနေပြီး ဆရာ/မအရေအတွက်မှာ အကန့်အသတ်ရှိနေပါတယ်။ အဲ့ဒါကြောင့် သူတို့အတွက် အချိန်မပေးနိုင်ပါဘူး။" (ထဝ- T2 ထားဝယ်မှ FGD)
>
> "ကျွန်မတို့အတွက်စိန်ခေါ်မှုတစ်ခုကတော့ ကျောင်းသားများပြီး ဆရာ/မများ အလုံ အလောက် ရှိမနေခြင်းကြောင့်ဖြစ်ပါတယ်။" (ထဝ- T1 ထားဝယ်မှ FGD)

## အစိုးရမှအတည်ပြုပြဋ္ဌာန်းထားသော ဥပဒေနှင့်မူဝါဒများအပေါ် အသိပညာဗဟုသုတမရှိခြင်း။

အစိုးရမှ မသန်စွမ်းကလေးများအတွက် ပညာရေးနှင့်ပတ်သက်သည့် အမျိုးသားမဟာဗျူဟာ စီမံကိန်းများ၊ ဥပဒေ၊ နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကလေးမြို့နှင့်ထားဝယ်မြို့တွင်ရှိသည့် ပင်မကျောင်းမှဆရာ၊ ဆရာမများသည် ဤအတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေများနှင့်မူဝါဒများကို မသိရှိကြသည်တွေ့ရ ပါသည်။

> "အစိုးရမှအတည်ပြုပြဋ္ဌာန်းထားသော ဥပဒေနှင့်မူဝါဒတွေကို မသိပါဘူး။ သိတာ ကတော့ကလေးတွေရဲ့ သင်ယူမှုအပေါ်မှာမူတည်ပြီး လက်ခံရမှာဖြစ်ပါတယ်။" (ကလ- ၀၂ ကလေးမှ FGD)

## လူမှုစီးပွားကဏ္ဍ

### မသန်စွမ်းကလေးများအတွက်အကျိုးခံစားခွင့်နှင့်ပံ့ပိုးမှုစနစ်များမရှိခြင်း

ဤနိုင်ငံအတွင်းတွင် မသန်စွမ်းကလေးများအတွက် အကျိုးခံစားခွင့်နှင့် ပံ့ပိုးမှုဆိုင်ရာ စနစ်များမရှိခြင်း။ မသန်စွမ်းကလေးများပညာသင်ကြားနိုင်ရန်အတွက် ပံ့ပိုးပေးသော အဖွဲ့အစည်းများကို ဤဧရိယာတွင်မတွေ့ရသေးပါ။ တုန့်ပြန်ဖြေဆိုချက်များအရ မသန်စွမ်းကလေးများသည် အတန်းကြီးလာသည်နှင့်အမျှ ကျူရှင်လခများလည်း လိုအပ်လာပါသည်။ ထို့အပြင် မိဘများအလုပ်သွားချိန်တွင် အိမ်အလုပ်များကို ဝိုင်းကူပေးရသည်။

> "ကျွန်မငယ်ငယ်တုန်းက ပင်မကျောင်းကိုအရမ်းသွားချင်ခဲ့ပါတယ်။ သို့သော်လည်း မိဘတွေကမတက် နိုင်ခဲ့ဘူးလေ။" (ကလ-၀၁ အမြင်အာရုံမသန်စွမ်းသော မိန်းကလေး)
> "အဲဒီအချိန်တုန်းက ကျွန်မတို့မိသားစုကငွေကြေးအခက်အခဲရှိခဲ့ပါတယ်။ ဒါ့ကြောင့် မိဘတွေက စားဝတ်နေရေးအတွက် အရမ်းရုန်းကန်ရပါတယ်။ ကျွန်မအတွက် အချိန်မပေးနိုင်ပါဘူး။" (ကလ-၀၈ ကလေးမှ မသန်စွမ်းသူတစ်ဦး)

## လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာအတားအဆီးများ။

### မသန်စွမ်းသူများနှင့် မသန်စွမ်းကလေများအား လူမှုဆက်ဆံရေးနယ်ပယ်များတွင် လွှန်ကဲစွာခွဲခြားဆက်ဆံမှုများရှိခြင်း။

ကလေးမြို့နှင့်ထားဝယ်မြို့တွင်ရှိသော မသန်စွမ်းသူများသာမက အခြားသောနေရာတွင်ရှိသော မသန်စွမ်းသူများသည်လည်း သူတို့၏ ပတ်ဝန်းကျင်တွင် လူမှုရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အောက်ခြေရှိ ပြည်သူလူထုမှ မသန်စွမ်းမှုဆိုင်ရာနှင့်ပတ်သက်၍ အသိပညာပေးများမရရှိသော အကျိုးသက်ရောက်မှုပင်ဖြစ်ပါသည်။ မသန်စွမ်းကလေးများသည် အတန်းဖော်များ၏ ရယ်မောစရာအဖြစ်အပြုခံနေရပါသည်။ သူတို့သည် သူတို့၏ ဆရာ၊ ဆရာများမှ ပြုလုပ်ရန်ပါဝင်ခွင့် မပြုခဲ့ကြသောကြောင့် ကျောင်း၏ လုပ်ငန်းစဉ်များနှင့် ကစားခြင်းများတွင်မပါဝင်ရပါ။ ဥပမာ - ကျောင်းပရဝုဏ်တွင် သန့်ရှင်းရေး

ပြုလုပ်ခြင်းအစီအစဉ်၊ ကျောင်းသူကျောင်းသားများအားလုံး ဤကဲ့သို့သောလုပ်ငန်းစဉ်များတွင် ပါဝင်ရပါသည်။ သို့သော်လည်း တွေ့ဆုံမေးမြန်းရာတွင် မသန်စွမ်းသူများ၏ တုန့်ပြန်ဖြေဆိုချက်မှာ ဆရာ၊ ဆရာမမှ သူတို့ကို လုပ်ခွင့်မပေးသောကြောင့် ဤကဲ့သို့သော လုပ်ငန်းစဉ်တွင် မပါဝင်နိုင်ခဲ့ကြပါ။ ဤသို့ပြုလုပ်ခြင်းရလဒ်များမှာ မသန်စွမ်းကလေးများအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်လာပါသည်။

ထပ်မံပြီးဖြည့်စွက်ရမည်ဆိုလျှင် မသန်စွမ်းကလေးသည်လည်း ကလေးဖြစ်ပါသည်။ အခြားသော ကလေးများလိုပင် မသန်စွမ်းကလေးများသည်လည်း သူငယ်ချင်းများနှင့်အတူ ကစားချင်ကြပါသည်။ သို့သော် အတန်းဖော်များသည် သူတို့ကို မှလည်းနွေးထွေးစွာ မကြိုဆိုကြပါ။ ဆရာ၊ ဆရာမများပင်လျှင် ကျောင်းထဲတွင် မသန်စွမ်းကလေးများ ကစားခြင်းကို မကြိုက်ကြပါ။ သူတို့တွေးထင်ထားသည်မှာ မသန်စွမ်းကလေးများသည် သန်စွမ်းကလေးများကဲ့သို့ မကစားနိုင်ကြပါ။ သူတို့တွင် ချို့ယွင်းမှုရှိသောကြောင့် အေးဆေးငြိမ်သက်စွာနေသင့်သည်။ ဤအရာ၏ နောက်ဆက်တွဲအကျိုးဆက်မှာ မသန်စွမ်းကလေးများသည် ကျောင်းပတ် ဝန်းကျင်တွင် ခွဲခြားဆက်ဆံမှုကို ခံရသည့်အပြင် သိမ်ငယ်စိတ်များလည်း ပိုမို၍ဆိုးရွားလာပါသည်။ ထိုကြောင့် သူတို့သည် စိတ်ဒါဏ်ရာများရရှိလာပြီး ကျောင်းထွက်ရန်အတွက် တွန်းအားဖြစ်လာပါသည်။ ဖြေကြားသူထံမှ မှတ်ချက်မှာ-

> "ကျွန်တော်ကျောင်းသားဘဝတုန်းက ကျောင်းမှာ ကစားခြင်းအစီအစဉ်တွေ ပြင်ဆင်ထားပါတယ်။ အဲ့ဒီကစားခြင်း တွေမှာ အရမ်းပါဝင်ချင်ပါတယ်။ ဒါပေမယ့် ပါဝင်ခွင့်မရပါဘူး။ ဘာလို့လဲဆိုတော့ကျွန်တော်ကသူများနဲ့ မတူဘူးလေ၊ ဒီလိုအစီအစဉ်တွေမှာဆိုရင် နောက်မှာပဲအမြဲကျန်ခဲ့ရပါတယ်။" (ထ၀-၀၂ ထားဝယ်မှ မသန်စွမ်းသူတစ်ဦး)
>
> "တစ်ခါတစ်လေကျောင်းမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တစ်ယောက်ထဲကစားတယ်။ အဲဒီအချိန်မှာ ဆရာ/မတွေကကျွန်တော့်ကိုကြည့်ပြီး ခြေထောက်ကျိုးလဲ အငြိမ်မနေဘူး။ အဲ့လိုပဲမြင်ကြတယ်။ အဲဒီလိုကစားတာကိုမလိုချင်ကြဘူး။ သူတို့တွေက ကျွန်တော့်ကို ဘာမှမလုပ်ပဲ ငြိမ်ငြိမ်လေးနေစေချင်ပါတယ်။" (ထ၀-၀၉ ထားဝယ်မှ မသန်စွမ်းသူတစ်ဦး)

## မသန်စွမ်းမှုဆိုင်ရာအသိပညာပေးနှင့်မသန်စွမ်းကလေးများအားအဓိကလိုအပ်ချက်ဖြစ်သောစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုအစီအစဉ်များမရှိခြင်း။

မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးနှင့် မသန်စွမ်းကလေးများအား အဓိကလိုအပ်ချက်ဖြစ်သော စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုစနစ်မရှိခြင်းသည်လည်း အတားအဆီးဖြစ်ပါသည် (ရပ်ရွာလူထုအတွင်း အလေ့အကျင့်များ) ။ မသန်စွမ်းသူများ၏ တုန့်ပြန်ဖြေဆိုချက်များအရ သူတို့သည် လူမှုရေးဆက်ဆံခံရခြင်းနှင့် ရယ်မောစရာအဖြစ် ပြုလုပ်ခံရခြင်းကြောင့် ချို့ယွင်းမှုနှင့် ပတ်သက်ပြီး ရှက်ကြောက်စိတ်နှင့် သိမ်ငယ်စိတ်များရှိကြပါသည်။ ဤအရာများသည် မသန်စွမ်းကလေးများ ကျောင်းများသို့သွားခြင်းမှ ကန့်သတ်ထားသည့် အကြီးမားဆုံးသော အတားအဆီးဖြစ်များပါသည်။

> "ကျွန်မ မသန်စွမ်းမိန်းကလေးဖြစ်ပြီးနောက် သူငယ်ချင်းတွေက ကျွန်မကို ခွဲခြားထားသလိုခံစားရပါတယ်။ သိမ်ငယ်စိတ်တွေဖြစ်ပြီး ရှက်စိတ်တွေလဲရှိခဲ့ပါတယ်။ တခြားသူတွေဆိုရင် သူတို့လုပ်ချင်တာလုပ်နိုင်ကြတယ်။ ကျွန်မလည်း ကျွန်မလုပ်နိုင်တာလေးတွေကို လုပ်ချင်ပါတယ်။" (ကလ-၀၃ ကလေးမှ မသန်စွမ်းမိန်းကလေးတစ်ဦး)
>
> "ပတ်ဝန်းကျင် (သူမ၏အတန်းဖော်များ) မှ သူမကို လှောင်ပြောင်ကြပါတယ်။ ဒါ့ကြောင့် သူမကျောင်းမှာ အလွန်ရှက်ရပါတယ်။ ယောကျ်ားလေးတွေကလည်းသူ့ကို ရယ်မောကြပါတယ်။" (ထ၀-၀၇ ပိုလီယို မိန်းကလေး၏မိခင်)

မသန်စွမ်းကလေးသာမဟုတ်ဘဲ မသန်စွမ်းသူများ၏ မိဘများသည်လည်း သူတို့၏ကလေးများအား ပင်မကျောင်းသို့အပ်နှံခြင်းနှင့်ပတ်သက်ပြီး သိမ်ငယ်စိတ်များရှိပါသည်။ သူတို့၏ကလေးများအား ကျောင်းဝင်ရောက်ခြင်းမှ ငြင်းပယ်လိုက်မလားဟူ၍ စိုးရိမ်ပူပန်သလို မိမိကိုယ်ယုံကြည်မှုလည်းမရှိကြပါ။

> "ကျွန်မကလေးကို ပင်မကျောင်းမှာမအပ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်မကလေးကို ငြင်းလိုက်မှာစိုးလို့ပါ။ သူကမသန်စွမ်းကလေးတစ်ယောက်ပါ။" (ထ၀-၀၅ မသန်စွမ်းကလေးငယ်မိဘ)

## ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးများအတွက် စောလျှင်စွာပြုစုပျိုးထောင်ခြင်း အစီအစဉ်များ မရှိခြင်း။

ဖြေဆိုသူမှပြောကြားချက်အရ သူတို့သည်ငယ်စဉ်ကလေးဘဝကတည်းက စောလျှင်စွာပြုစု ပျိုးထောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုမရရှိခဲ့ပါ။ ရလဒ်အနေဖြင့် မသန်စွမ်းကလေးများသည် သူတို့၏နေ့စဉ်အသက်ရှင်နေထိုင်မှု၏ လုပ်ငန်းစဉ်များဖြစ်သည့် စားခြင်း၊ သောက်ခြင်း၊ အိမ်သာ တက်ခြင်းစသည့် လုပ်ငန်းများကိုမပြုလုပ်နိုင်ကြပါ။ ဤအရာသည် ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးများကျောင်းသို့သွားနိုင်ရန် အကြီးမားဆုံးသောအတားအဆီးတစ်ခုဖြစ်ပါသည်။

> "ကျွန်မကလေးကျောင်းကိုကိုယ့်ဟာကိုယ်မသွားနိုင်တာက အဓိကပြဿနာဖြစ်နေပါတယ်။ ကိုယ့်ဟာ ကိုယ်လည်းထမင်းမစားနိုင်ဘူး ကျွန်မကကျွေးရပါတယ်။ ဒါ့ကြောင့် သူ့ကိုကျောင်းမပို့တော့ပါဘူး။" (ကလ-၀၇ ကလေးမှမသန်စွမ်းကလေး၏မိဘ)
>
> "သူ့ကို အသက် (၁၀)နှစ်လောက်မှ ကျောင်းကိုပို့နိုင်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ နေ့စဉ်လုပ်ရမယ့် တစ်ကိုယ်ရည်လုပ်ဆောင်မှုတွေကို မလုပ်တတ်သေးလို့ပဲ ဖြစ်ပါတယ်။" (ထ၀-၁၃ ထားဝယ်မှ မသန်စွမ်း မိဘတစ်ဦး)

## သက်လွန်မသန်စွမ်းကျောင်းသားများအတွက် ကိုက်ညီမှုမရှိသော စာသင်ခန်းများကြောင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ။

မသန်စွမ်းကလေးအချို့သည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းနှင့် ရင်ဆိုင်နေရပါသည်။ ဥပမာ-ဖွံ့ဖြိုးမှု မိုင်တိုင်များအရ သန်စွမ်းကလေးများသည် အသက်(၂)နှစ်အရွယ်တွင် ကောင်းမွန်စွာ လမ်း လျှောက်နိုင် ပါသည်။ သို့သော်တချို့သောကလေးများသည် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းကြောင့် ထိုအသက်အရွယ်တွင် လမ်းမလျှောက်နိုင်သေးပါ။ ဤအရာကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးသော ကလေးတစ်ဦးသည် အသက်အရွယ်ကြီးလာကာကျောင်းနေနောက်ကျပြီး သင့်တော်သောစာသင် ခန်းတွင် မတက်ရောက်နိုင်တော့ပါ ။အကျိုးဆက်အနေဖြင့် သူတို့သည် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရာက်မှုများခံစာလာရပါသည်။

"ကျွန်မအသက် (၇) နှစ်မှကျောင်းတက်ခဲ့ပါတယ်။ ကျောင်းမသွားချင်ဘူး ဘာလို့လဲဆိုတော့ အတန်းဖော်တွေက ကျွန်မထက်အသက်ငယ်တယ်လေ။ ဒီအရာဟာဆိုရင် ကျွန်မအတွက် ကျောင်းသွားဖို့ ပထမဆုံးစိန်ခေါ်မှုပါပဲ။" (ထ၀-၀၇ ထားဝယ်မှ မသန်စွမ်းသူ)

"သူ့ကိုမူလတန်းကျောင်းပို့တုန်းက အတန်းဖေါ်တွေက သူ့ထက်ငယ်တယ်လေ။ အဲဒီတော့သူကျောင်းကို မသွားချင်တော့ပါဘူး။" (ကလ-၀၇ ကလေးမှမသန်စွမ်းသူ)

"ပထမဆုံးပြဿနာကဘာလဲဆိုတော့ အခြားကလေးတွေ ကျောင်းစတက်ရင် (၅) နှစ်၊ (၆) နှစ် အရွယ်မှာ စတက်ကြတယ်။ ဒါပေမဲ့သူက (၁၀)နှစ်မှာမှ ပင်မကျောင်းကို စတက်ရတယ်။ သူ ၉တန်းရောက်တော့ အသက်(၂၀)ဖြစ်နေပြီလေ။" (ထ၀-၁၃ မသန်စွမ်း မိသားစုဝင်တစ်ဦး)

## ကဏ္ဍ (၃) မသန်စွမ်းကလေးများအတွက် ထည့်သွင်းမစဉ်းစားသော ပညာရေး စနစ်များကြောင့် မသန်စွမ်းသူများ အလုပ်အကိုင်ရှာဖွေရာတွင် ကျရှုံးမှုများ

ကဏ္ဍ(၁)ဖော်ပြချက်တွင် မသန်စွမ်းသူများသည် ကလေးဘဝမှစ၍ ပင်မကျောင်းပညာရေး ရရှိနိုင်သော ပမာဏကိုစပ်လျဉ်း၍ အစီရင်ခံခဲ့ပါသည်။ ကဏ္ဍ(၂)ဖော်ပြချက်တွင် မသန်စွမ်းသူများသည် သက်တူရွယ်တူ၊ မသန်စွမ်းမဟုတ်သူများနှင့် တန်းတူမှုအပေါ် အခြေခံပြီး ပင်မကျောင်းပညာရေးကို အချိတ်အဆက်မိမိနှင့် လက်ခံရရှိခြင်းမှကန့်သတ်ထားသည့် အတားအဆီးများအကြောင်းကို အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုကဏ္ဍတွင် မသန်စွမ်းကလေးများသည် ပညာရေးကိုပြည့်စုံစွာ လက်ခံမရရှိနိုင်ခဲ့ကြပါ။ (ဘွဲ့ရတဲ့အထိ)၊ ထို့ကြောင့် မသန်စွမ်းသူများ အလုပ်အကိုင်ရှာဖွေရာတွင်လည်း အတားအဆီးများရှိနေကြောင်း တွေ့ရပါသည်။ သူတို့သည် အခြေခံအားဖြင့် စာဖတ်ခြင်း၊ စာရေးခြင်း၊ သင်ကြားနည်းများ ကျွမ်းကျင်မှုနှင့် လူမှုဆက်ဆံရေးများ မရှိခြင်းတို့တွေ့ရပါသည်။

ဖြေကြားချက်များအရ မသန်စွမ်းသူ (၈)ဦး (ကလေး(၃) ထားဝယ်(၅)) တို့တွင် ၎င်းတို့၏ ပုံမှန်အလုပ်မှ ပုံမှန်ဝင်ငွေ ရရှိကြပါသည်။ ထိုမသန်စွမ်းသူများသည် သူတို့၏ကိုယ်ပိုင်

လုပ်ငန်းငယ်များ၊ လျှပ်စစ်ပစ္စည်းများပြုပြင်ခြင်းသည်ကဲ့သို့သော ပြင်ပအလုပ်များကို လုပ်ကြပါသည်။ နားနေလျက်ရှိသော မသန်စွမ်းသူများ၏ ဖြေကြားချက်အရ သူတို့၏ ပညာရေးကို ပြီးမြောက်အောင်မတက်ရောက်နိုင်ခဲ့သည့် အကျိုးရလဒ်အနေဖြင့် အလုပ်အကိုင်မရရှိခြင်း ဖြစ်သည်ဟု တုန့်ပြန်ဖြေဆိုခဲ့ကြပါသည်။ ဘာကြောင့် အလုပ်အကိုင်မရှာဖွေနိုင်သလဲဆိုသော အကြောင်းပြချက်များမှာအောက်ပါ အတားအဆီး များကြောင့်သာ ဖြစ်သည်။

## ပညာရေးမရရှိသောကြောင့် မသန်စွမ်းသူများ၏ သိမ်ငယ်စိတ်များ

ဖြေကြားချက်များအရ မသန်စွမ်းသူများသည် မည်သည့်ပညာရေးမှ မရရှိခဲ့သောကြောင့် ဝင်ငွေရရှိဖို့အတွက် အလုပ်များကိုရှာရန် သိမ်ငယ်စိတ်များနှင့် စိတ်အားငယ်သော ခံစားမှုများ ရှိကြပါသည်။ သိမ်ငယ်စိတ်များက သူတို့ကို လွှမ်းမိုးထားသဖြင့် သူတို့သည် ဝင်ငွေရရှိခြင်း အတွက် အလုပ်အကိုင်ရှာဖွေခြင်းနှင့်ပတ်သက်ပြီး ဘယ်တော့အခါမှ မတွေးကြတော့ပါ။ ထို့နောက်အကျိုးဆက်မှာ သူတို့သည် စိတ်အားငယ်မှုကို ခံစားကြရပါသည်။ နောက်ဆုံးတော့ သူတို့သည် အလုပ်ရှာဖွေခြင်းနှင့် အဝေးဆုံးဖြစ်လာခဲ့သည်။

> "ကျွန်တော်က ဘွဲ့မရသောကြောင့် ကိုယ့်ကိုကိုယ် ယုံကြည်စွာ ဘယ်အလုပ်မှ မလျှောက်နိုင်ဘူး။ ကျွန်တော်က ဘယ်အလုပ်ပဲ လျှောက်လျှောက် ကျွန်တော်ရလိမ့်မယ် မထင်ဘူး။"(ထ၀- ၀၇ ထားဝယ်ရှိ မသန်စွမ်း သူတစ်ဦး)

> "ကျွန်တော်တို့က အခြားသာမန်သူတွေနဲ့ နှိုင်းယှဉ်လိုက်ရင် အားနည်းချက်အများကြီး ရှိပါတယ်။ ကျွန်တော်က ပညာရေးမှာ အားနည်းသောကြောင့် စိတ်အားငယ်မှုကို ခံစားခဲ့ရပါတယ်။" ထ၀ -၀၂ ထားဝယ်ရှိ မသန်စွမ်းသူ တစ်ဦး)

## မည်သည့်အလုပ်ကို သူတို့ရှာရမလည်းဆိုတာကို သိရှိမှုအားနည်းခြင်း

မသန်စွမ်းသူများ၏ ဖြေကြားချက်များအရ မသန်စွမ်းသူများသည် မည်သည့်ပညာရေးမှ မရရှိခဲ့သောကြောင့် ၎င်းတို့နှင့်ကိုက်ညီသော မည်သည့်အလုပ်အကိုင်အား ရှာဖွေရမည်ကို မသိရှိကြပါ။ သူတို့ဘာလုပ်ရမည်၊ မည်သည့်သင်တန်းအမျိုးအစားတက်ရောက်ရမည်ကို မရွေးချယ်နိုင်ခြင်းမှာ ၎င်းတို့တွင် အခြားသောပညာရေးမရှိသောကြောင့် ဖြစ်ကြောင်းတွေ့ရပါသည်။ ပင်ကိုယ်အားဖြင့်

ပထမဆုံးအလုပ်များကို ရှာဖွေရန် ကျွမ်းကျင်မှုများ၊ အသိပညာများနှင့် ပတ်သက်ဆက်စပ်နေပြီး သူတို့လုပ်ချင်သော အလုပ်အမျိုးအစားကို ရွေးချယ်သင့်ပါသည်။ ပြီးနောက်မှာတော့ ၎င်းတို့ အနေဖြင့် အလုပ်အကိုင်ရှာဖွေခြင်းကို စတင်လုပ်ဆောင်သင့်ပါသည်။ ယခုအချိန်အထိ သုတေသနပြုလုပ်သည့်နယ်ပယ်တွင် မည်သည့်ကျွမ်းကျင်မှုနှင့် အသိပညာများ မရှိကြောင်းတွေ့ ရှိရသည်။ ထို့ကြောင့် သူတို့မှာ မည်သည့်သင်တန်းအမျိုးအစား တက်ရောက်သင့်လည်းဆိုတာ မရွေးချယ်နိုင်ကြကြောင်းလည်း တွေ့ရှိခဲ့ရပါသည်။

" သူက ဆယ်တန်းမှ မအောင်တာ ပညာတက်မဟုတ်ဘူးလေ။ ဒါ့ကြောင့် ကျွန်တော် မသိဘူး ဘယ်အလုပ်မျိုး ကျွန်တော် ရှာရမလည်းဆိုတာ။ "(ကလ-ဂ၃၊ မသန်စွမ်းသူ)

"သူက ပညာတက် တစ်ယောက် မဟုတ်တော့ သူ့ကို ဘယ်သူကမှ လိုလိုလားလား မရှိကြဘူး၊ သူကလည်း ဘာလုပ်ရမလည်း ဆိုတာကို မသိဘူး။" (ထဂ-၁၂၊ မသန်စွမ်းသူ)

## အခြေခံကျွမ်းကျင်မှုဖြစ်သော စာဖတ်ခြင်း၊ စာရေးခြင်း၊ တွက်ချက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် နည်းပညာ ကျွမ်းကျင်မှုတွင် ဆက်စပ်ခြင်း

အင်တာဗျူးများ၏ ဖြေကြားချက်များအရ များစွာသော မသန်စွမ်းသူတို့သည် မူလတန်းအဆင့်တွင် ကျောင်းမှထွက်ခဲ့ကြကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ၎င်းတို့သည် မရေးတက်၊ မဖတ်တက်၊ မတွက်ချက်တက်ခြင်းနှင့် ဆက်ဆံပြောကြားခြင်းတွင် ကောင်းစွာ မပြုလုပ်နိုင်ကြပေ။ ကျွန်ုပ်တို့ အင်တာဗျူးတွင် မသန်စွမ်းအများစုသည် ကလေးဘဝကတည်းက ဘယ်တော့မှ ကျောင်းကိုမရောက်ခဲ့ကြကြောင်းတွေ့ ရပါသည်။ နောက်ဆုံးရလဒ်မှာ ၎င်းတို့သည် အခြားသော စာဖတ်ခြင်း၊ စာရေးခြင်းနှင့် တွက်ချက်နိုင်ခြင်း အခြားဘာမျှ ပြုနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ဘယ်အလုပ်မဆို အခြေခံအားဖြင့် ရေးတတ်၊ ဖတ်တတ်၊ တွက်ချက်တတ်ရန် လိုအပ်ပါသည်။ ပေါင်းသင်းဆက်ဆံရေးသည်လည်း အလုပ်တွင် အရေးပါဆုံးသော ကျွမ်းကျင်မှု တစ်ခုဖြစ်ကြောင်းတွေ့ရပါသည်။ ကျောင်းများတွင် လူမှုပေါင်းသင်းဆက်ဆံရေးကို ရရှိနိုင်ပါသည်။ ယခုချိန်တွင် မသန်စွမ်းအများစုသည် ထိုကျွမ်းကျင်မှုများ မရရှိကြပါ။

နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတိုင်း၏ အခြေခံလိုအပ်သော ကျွမ်းကျင်မှုများမှာ ရေးခြင်း၊ ဖတ်ခြင်း၊ တွက်ချက်ခြင်းပင်ဖြစ်သည်။ အထက်ပါဖော်ပြချက်များကြောင့် မသန်စွမ်းသူများသည် အခြေခံကျွမ်းကျင်မှုမရှိကြ၍ ထိုမှတစ်ဆင့် အခြားနည်းပညာကျွမ်းကျင်မှုမရရှိနိုင်ခြင်းများသည် မသန်စွမ်းသူများ အလုပ်ရှာဖွေရာတွင် အကြီးမားဆုံးသော အတားအဆီးများဖြစ်သည်။

> "သက်မွေးပညာသင်ကြားဖို့ရန်အတွက် ပညာရေးကလည်း အရေးကြီးတယ်။ ဥပမာ-စက်ချုပ်ပညာ လေ့လာဖို့ရန် တွက်ချက်နိုင်ရန် လိုအပ်ပါတယ်။" (ထဝ - T5; FGD ထားဝယ်)

> "အလုပ်အကိုင်အခွင့်အလမ်းများသည် သူတို့၏ ပညာရေးအပေါ်များစွာ မှီခိုနေပါသည်။ ပညာပိုတတ်လေ၊ အလုပ်အကိုင်အခွင့်အလမ်း ပိုများရှိလေဖြစ်သည်။ လူတစ်ယောက်က ကွန်ပျူတာကို လေ့လာနေဖို့လည်း လိုအပ်သလို သူတို့အခြေခံပညာ တက်မြောက်ရန်လည်း လိုအပ်ကြတယ်" (ထဝ- T2: FGD ထားဝယ်)

> "ကလေးမှာ ရှိတဲ့ မသန်စွမ်းသူတွေက စာမေးပွဲကို သတ်မှတ်ချိန်အတွင်း ပြီးဆုံးအောင် ဖြေဆိုနိုင်ခြင်း မရှိကြောင်းတွေ့ရသည်။" (ကလ-T01: FGD ကလေး)

### မသန်စွမ်းသူများ၏ စိတ်ဓါတ်ခွန်အား တက်ကြွမှုမရှိခြင်း

မသန်စွမ်းသူများသည် အလုပ်အကိုင်ရှာဖွေရာတွင် စိတ်ဓါတ်ခွန်အား၊ တက်ကြွမှုမရှိကြသည်ကို တွေ့ရှိခဲ့ရပါသည်။ ထိုအရာသည် မသန်စွမ်းသူများ အလုပ်ရှာဖွေခြင်းများမှ ကန့်သတ်ပိတ်ပင်ထားသော အတားအဆီးများထဲမှ တစ်ခုဖြစ်ပါသည်။

> "အလုပ်အကိုင်ရှာဖွေခြင်းက ပညာရေးနဲ့ ဆက်စပ်မှုရှိပါတယ်။ ကျွန်တော်သည် ပညာတတ်တစ်ယောက်မဟုတ်တော့ အလုပ်ရှာဖို့ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ ပြီးတော့ ဘယ်တော့မှလည်း ရမှာမဟုတ်ဘူးလေ။" (ကလ - ၀၈၊ ကလေးမှ မသန်စွမ်းသူ)

"ကျွန်တော်က ကျောင်းမပြီးဘူး မသန်စွမ်းတစ်ယောက်လည်းဖြစ်နေတော့ ဘယ်အလုပ်မှမရနိုင်ဘူး။ ဘယ်အလုပ်မှမလျှောက်ခဲ့ပါဘူး။" (ထဝ - ၁၃၊ ထားဝယ်မှ မသန်စွမ်းသူတစ်ဦး)

## ကဏ္ဍ (၄) အခြား လေ့လာမှုမှ အဓိက ရှာဖွေတွေ့ရှိချက်

ထိုလေ့လာမှု၏ အောက်ဖော်ပြပါ အခြားမမျှော်မှန်းထားသော အဓိကရှာဖွေတွေ့ရှိချက်များအား လေ့လာတွေ့ရှိမှုမှ ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

### အထူးကျောင်းများ၏ အပျက်သဘောဆောင်သောအကျိုးသက်ရောက်မှုများ

ဤသုသေသနတွင် အထူးကျောင်းတက်ရောက်ခဲ့ပြီးသူမှ ပြောကြားချက်အရ အထူးကျောင်းများ၏ အပျက်သဘောဆောင်သော အပြုအမူများကိုလည်းတွေ့ရှိခဲ့ရပါသည်။ သူမ၏ ပြောကြားချက်အရ သူမသည် ငယ်စဉ်ကလေးဘဝတည်းက အထူးကျောင်းကို သွားခဲ့ပါသည်။ ထိုအထူးကျောင်းတွင် အခြားကလေးများက သူမ၏ ခေါင်းကို ကာလတော်တော်ကြာသည် အထိ ထုရိုက်ခဲ့ကြပါသည်။ သူတို့လုပ်စေချင်သည့် အရာများကို လုပ်ပေးရန် သူမကို အနိုင်ကျင့်ကြပါသည်။ သူတို့သည် အမြဲတမ်းသူမကို ဘေးဘက်တွင်ထားပြီး သူမနှင့် ပြောဆိုဆက်သွယ်ခြင်း မပြုကြပါ။ သူမသည် အတန်းဖော်များ၏ အနိုင်ကျင့်ခံရခြင်း အချိန်ကြာကြာ ရင်ဆိုင်အတွေ့အကြုံကြောင့်ဖြစ်သည်။ အဆုံးမှာတော့ သူမသည် စိတ်အားငယ်မှုများကို ခံစားရပြီး ထိုအထူးကျောင်းမှ ထွက်ခဲ့သည်။ သူမကျောင်းထွက်ခဲ့ပြီးနောက်တွင် ကြောက်လန့်စရာအတွေ့အကြုံများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောကြောင့် သူမသည် ဘယ်အထူးကျောင်းသို့မဆို သွားရန် ကြောက်ရွံ့နေခဲ့ပြီ ဖြစ်ပါသည်။

"အခြားအတန်းဖော်များနှင့် ဘေးချင်းကပ်ထိုင်တာကလွဲရင် အခြားဆက်ဆံရေး မရှိကြပါဘူး။ ထို့ကြောင့် ကျွန်မ တဖြည်းဖြည်းနှင့် အားငယ်မှုကို ခံစားလာရတယ်။ ကျွန်မဆက်ပြီး နေ, နေရမလားအိမ်ပြန်ရောက်ရင် ကောင်းမလားဆိုပြီး စိတ်ရှုပ်ထွေး

လာခဲ့တယ်။ ထိုအချိန်မှာ အရမ်းစိတ်သောက ရောက်ရတယ် အဲ့အခြေအနေကိုလည်း သည်းမခံနိုင်ဘူး"။ (ကလ-၀၁၊ မသန်စွမ်း မိန်းကလေး)

"အကြားအာရုံချို့ယွင်းတဲ့ကလေးတွေတက်တဲ့ကျောင်းမှာ သူ မလေ့လာ၊ မသင်ယူနိုင် ဘူး။ ကျောင်းကစီစဉ်ပေးတဲ့ အစားအသောက်တွေက သူ့အတွက် အဆင်မပြေဘူး။ သူက ကျောင်းမှာ အစားအသောက်နှင့်ပတ်သက်ပြီး ပြဿနာများ ရှိခဲ့ပါတယ် ဒါကြောင့် သူ့ကို အထူးကျောင်းကို ပြန်မသွားစေချင်တော့ဘူး။ (ကလေး-၁၀၊ မသန်စွမ်းမိဘ)

## မသန်စွမ်းသူများအား သူတို့အလုပ်ရှင်များ၏ အနိုင်ကျင့်ခြင်းများမှ ကာကွယ်ပေးနိုင်သော အခြားလုပ်ထုံး၊ လုပ်နည်းများ အားနည်းခြင်း၊

အခုအချိန်အထိ မသန်စွမ်းသူများအနိုင်ကျင့်ခြင်းကို ရင်ဆိုင်ခဲ့ရပါလျှင် မသန်စွမ်းသူများအတွက် ကာကွယ်ပေးထားသော မည်သည့်လုပ်ထုံးလုပ်နည်းများ မရှိခဲ့ဖူးပါ။ ရလဒ်အနေဖြင့် အချို့သော လုပ်ငန်းရှင်များသည် မသန်စွမ်းသူများအား လုပ်အားခကို အခြားသူများနှင့် တူညီစွာ မပေးကြ သည်ကို တွေ့ရှိရပါသည်။ မသန်စွမ်းတစ်ဦး၏ ဖြေကြားချက်အရသူသည် အခြားမသန်စွမ်း မဟုတ်သူများနှင့်တူညီသော အလုပ်ကို လုပ်ရပြီး လုပ်အားခကို တူညီစွာမရခဲ့ပါဟု ဖြေကြားခဲ့ ပါသည်။

"သန်စွမ်းသူတွေ ဆန်အိတ်သယ်ရင် ၅၀၀ကျပ် ရရှိပြီး၊ ကျွန်တော်က အဲ့အတွက် ၃၀၀ ကျပ်ပဲရတယ်"။ (ကလ-၀၄၊ မသန်စွမ်းတစ်ဦး)

"အချို့လုပ်ငန်းရှင်တွေက မသန်စွမ်းသူတွေကို ပေးသင့်တဲ့ လုပ်ခပမာဏထက် အနည်း ငယ်သာ ပေးနိုင်ပါရတယ်။ (ကလ-၀၆၊ လုပ်ငန်းရှင်တစ်ဦး)

## လုပ်ငန်းရှင်များအတွက် မသန်စွမ်းမှုနှင့်ပတ်သက်သော အသိပညာပေးအစီအစဉ်မရှိခြင်း

ဖြေကြားချက်များအရ မသန်စွမ်းသူများအလုပ်ရှာဖွေခြင်းများတွင် မသန်စွမ်းမှုအပေါ် အပျက်သဘောဆောင်သော စိတ်နေသဘောထားများသည်လည်း အကြီးမားဆုံးသော အတားအဆီးတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ လုပ်ငန်းရှင်များအနေဖြင့် မသန်စွမ်းသူများ၏ လုပ်နိုင်စွမ်းရည်များထက် သူတို့၏ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်ကို ကြည့်ရှု၍ ဆုံးဖြတ်တတ်ကြပါသည်။ သူတို့သည် မသန်စွမ်းသူများမှာ မည်သည့်စွမ်းရည်များ မရှိသောကြောင့် ဘာမှ မလုပ်နိုင်၊ မတတ်နိုင်ဟု တွေးထင်ကြပါသည်။

> "အချို့လုပ်ငန်းရှင်တွေဟာ မသန်စွမ်းသူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များကို ကြည့်ပြီး ဆုံးဖြတ်တတ်ပြတယ်။ " (ကလ- ၀၆)

> "လုပ်ငန်းရှင်တွေက မသန်စွမ်းသူသူတွေဟာ ၎င်းတို့၏ မသန်စွမ်းမှုကြောင့် ဘာတစ်ခုမှ လုပ်နိုင်မည် မဟုတ်ဟု ထင်နေကြတယ်။"(ထ၀-၀၇)

## မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သော အကျုံးဝင်သော သယ်ယူပို့ဆောင်ရေးစီစဉ်ခြင်း

ပါဝင်သူ၏ ဖြေကြားချက်များအရ အဆောက်အဦးနှင့် လမ်းများသည်လည်း မသန်စွမ်းသူများအလုပ်လုပ်ရန်အတွက် အတားအဆီးတစ်ခုဖြစ်ကြောင်း ဖြေဆိုခဲ့ကြပါသည်။ လှေ့လာမှုပြုလုပ်ရာမြို့များရှိ အဆောက်အဦးနှင့်လမ်းများသည် မသန်စွမ်းသူများအတွက် ဆင်ပြေချောမွေ့ခြင်းမရှိကြပါသည်။ ဘီးချဲလ်အသုံးပြုသူများကဲ့သို့ သွားလာရန်ခက်ခဲသူများသည် အခြားသူ၏ အကူအညီမပါဘဲ ဘယ်နေရာမှ မသွားနိုင်ကြပါ။ ထို့နောက် လေ့လာမှုများ၏ရေိယာအတွင်းရှိ လုပ်ငန်းခွင်နေရာများသည်လည်း မသန်စွမ်းသူများ အဆင်ပြေသင့်တော်သော နည်းလမ်းများကို မလုပ် ဆောင်နိုင်သောကြောင့် မသန်စွမ်းသူများအတွက် အဆင်ပြေချောမွေ့မှု မရှိကြပါ။

"သူတို့ဟာ မသန်စွမ်းသူတွေနဲ့ပတ်သက်ပြီး ထည့်သွင်းစဉ်းစားမှုမရှိကြဘူး။ ဝှီးချဲသုံးတဲ့ သူတွေ၊ ခြေထောက်မသန်သူတွေအတွက် ဓါတ်လှေကားတွေနဲ့ ဆင်ခြေလျှောတွေ ဘာမှ မရှိကြဘူး။ ကျွန်တော်တွေ့တာတော့ ချို့ယွင်းမှုရှိသူတွေအတွက် အဆင်ပြေတဲ့ ဆင်ခြေလျှောတွေ၊ ဓါတ်လှေကားတွေနဲ့ အဆင်ပြေတဲ့ လမ်းတွေကို ရန်ကုန်နှင့် မန္တလေးမှာပဲ တွေ့ခဲ့တယ်။ ကလေးမြို့မှာ အဲ့တာမျိုးကဲ့သို့ မရှိဘူး။" (ကလ- ၀၆)

## ဥပဒေများဖြင့် ကာကွယ်ခြင်း

ယခုအချိန်အထိ မသန်စွမ်းသူများ၏အလုပ်အကိုင်နှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များ၊ မူဝါဒများ မရှိသေးပါ။ တိကျသောလမ်းညွှန်ချက်များနှင့် မူပါဒများကို အတည်ပြုပြဋ္ဌာန်းခြင်းသည် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရန်အတွက်ဖြစ်ကြောင်း တုန့်ပြန်ဖြေဆိုချက်များမှ မှတ်ချက်ပေးထားပါသည်။

"ဥပဒေကတော့ လိုအပ်တယ်။ အဓိကတော့ ဥပဒေကို အသေးစိတ်ဖော်ပြထားတာ မရှိကြဘူး။ ဥပဒေတွေရှိရင်တော့ အဆင်ပြေပါတယ်။ ဝေပုံကျခွဲတမ်းစနစ်ရှိမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေက မရှောင်ရှားနိုင်ကြတော့ပါဘူး။" (ကလ- ၀၆)

## မသန်စွမ်းသူများအား ပတ်ဝန်းကျင်မှ ထောက်ပံ့မှု

ပတ်ဝန်းကျင်မှ အထောက်ပံ့သည်လည်း မသန်စွမ်းသူများဘ၀တွင် အောင်မြင်မှုရရှိရန်အတွက် အရေးကြီးကြောင်းတွေ့ရသည်။ မသန်စွမ်းကျောင်းသားတစ်ယောက်အတွက် ပတ်ဝန်းကျင်မှ အထောက်အပံ့များ ရရှိခဲ့ပါသည်။ သူ၏ မိဘများသည်လည်း သူ၏ပညာရေးအတွက် အားပေးကြပြီး သူ့သူငယ်ချင်းများသည်လည်း သူ့အတွက် အလွန်ကူညီပံ့ပိုးပေးကြပါသည်။ ထိုသူသည် သူငယ်နာအကြောင်းတစ်ယောက်ဖြစ်သည်။ သူသည် စာရေးရာတွင် အလွန်နှေးသည်။ ထို့ကြောင့် မေးခွန်းအားလုံးအတွက် အဖြေများကို မရေးချနိုင်ခဲ့ပါ။ သို့သော် သူသည် ယခုအချိန်တွင် ဘွဲ့တစ်ခုကိုင်ထားပြီးဖြစ်ပါသည်။

ဆရာမတစ်ဦးမှ သူမ၏အတွေ့အကြုံအရ မျှဝေခဲ့သည်မှာ သူမသင်ကြားခဲ့သော မသန်စွမ်း ကလေးတစ်ဦးသည် ပံ့ပိုးကူညီပေးတတ်သော သူငယ်ချင်းများနှင့် ကြုံတွေ့ခဲ့ပါသည်။ သူတို့သည် ထိုကလေးလိုအပ်သော အရာမှန်သမျှကို ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထို့ကြောင့် ဆရာမသည် ပင်လျှင် ထိုမသန်စွမ်းကလေးသည် အခွင့်ထူးများ ခံစားနေရကြောင်း ရှုမြင်မိပါသည် ဟူ၍ ဖြစ်သည်။

# နိဂုံးချုပ်နှင့်အကြံပြုချက်များ

## နိဂုံးချုပ်

ယနေ့ထိတိုင်အောင် မသန်စွမ်းသူများသည် ပညာရေးလုံလောက်စွာမရရှိခြင်းကြောင့် အလုပ်အကိုင် လျှော့ကျထားမှုနှင့် အလုပ်အကိုင်ရှာဖွေမှုများတွင်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ မသန်စွမ်းကလေးများအတွက်ပညာရေးစနစ်များမှ တာဝန်ယူမှုနှင့် အကောင်ထည်ဖေါ်ဆောင်ရွက်မှုမရှိခြင်းကြောင့် အတားအဆီးဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းပြချက်ဖြစ်ပါသည်။ မသန်စွမ်းကလေးများအတွက် ပညာရေးစနစ်များမှ တာဝန်ယူမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်းကြောင့် အတားအဆီးဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းပြချက်ဖြစ်ပါသည်။

အစိုးရမှ မသန်စွမ်းမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ သို့သော် တရားဝင်စာချုပ်စာတမ်းများ၏ အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်သည်များကိုမတွေ့ရှိကြပါ။ ယခုအချိန်အထိပညာရေးစနစ်မှ လူတိုင်းအကျုံးဝင်ပညာရေးတွင် မသန်စွမ်းကလေးများအတွက် ပံ့ပိုးထားခြင်းမရှိပါ။ ပညာရေးစနစ်ဟောင်းတွင်လည်း ဘယ်မသန်စွမ်းမှုမျိုးမဆိုရှိနေသော ကလေးများအတွက် ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပါ။ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ မသန်စွမ်းမှုဆိုင်ရာနှင့် လူတိုင်းအကျုံးဝင်ပညာကို ထည့်သွင်းစဉ်းစားထားသော ပညာရေးစနစ်သစ်ကို စတင်၍မိတ်ဆက်ပေး

ခဲ့ပါသည်။ သို့သော် မူဝါဒအဆင့်တွင်သာ အမှန်တကယ်ဖြစ်လာသော်လည်း အောက်ခြေမြေပြင်တွင်မူ ဆောင်ရွက်မှုအပိုင်း၌ အားနည်းနေပါသေးသည်။

မသန်စွမ်းကလေးများ မသန်စွမ်းဖြစ်ရခြင်းမှာ ပညာရေးစနစ်များမှ ထိုကလေးများအတွက် လုံးဝစဉ်းစားခဲ့ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ ချို့ယွင်းမှုသည် ချို့ယွင်းမှုရှိတစ်ဦးအတွက် မည်သည့်ပြဿနာမှနာရှိပါ။ သို့သော် မသန်စွမ်းမှုကိုဖြစ်စေသော အဓိကအကြောင်းရင်းမှာ အတားအဆီးသာဖြစ်ပါသည်။ အစိုးရသည် အတားအဆီးများကို ခြေဖျက်ရန် ဥပဒေနှင့် မူဝါဒများအား သေချာစေရန်နှင့် အားကောင်းလာစေရန် လိုအပ်ပါသည်။ ထို့ကြောင့်အစိုးရသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် မြန်မာနိုင်ငံရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများတွင် ချို့ယွင်းမှုရှိသော မသန်စွမ်းကလေးများတွက် အတားအဆီး လျော့ချရေးကိုအလေးအနက်ထားပြီး လုပ်ဆောင်သင့်ပါသည်။

## အကြံပြုတင်ပြချက်များ

အလေးအနက်အကြံပြုလိုသည်မှာ -

- ပညာရေးဝန်ကြီးဌာနသည် ကလေးများလိုအပ်ချက်ကို အခြေခံသော၊ သူသင်ယူ၏ လိုအပ်ချက်ကို အခြေခံသော ပညာရေးစနစ်ဖြစ်လာရေးကိုရည်ရွယ်ပြီး မြေပြင်တွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ကို ပိုမိုအားကောင်းလစေရေးကို အထူးတလည် လုပ်ဆောင်သင့်ပါသည်။
- ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အပိုဒ် (၈) အရ မသန်စွမ်းမှုဆိုင်ရာအမြင်သစ်အပေါ်အခြေခံပြီး အစိုးရအနေဖြင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကိုပစ်မှတ်ထားကာ အသိပညာပေးမြှင့်တင်ပေးခြင်းများအား အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။
- မြန်မာနိုင်ငံရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုစုပျိုးထောင်ရေးမူဝါဒ၏ မဟာဗျူဟာ (၃) ကို ပိုမိုအားကောင်းလာစေရန် လိုအပ်နေပြီး စောလျင်စွာ

ပြုစုစောင့်ရှောက်ခြင်း ဝန်ဆောင်မှုဖြစ်သည့် မွေးစမှ ၅ နှစ်ရှိကလေးများ ဘက်စုံဖွံ့ဖြိုးမှု အားကောင်းလာစေရန်အတွက် လုပ်ဆောင်သင့်ပါသည်။

- အလုပ်ခန့်အပ်ခြင်းနှင့်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာအရေးဆိုမှု လုပ်ငန်းစဉ်များနှင့် သင်တန်းများကို မသန်စွမ်းသူများ သာမက အလုပ်ရှင်များ၊ ကုမ္ပဏီများကိုပါ ပစ်မှတ်ထားတိုးချဲ့လုပ်ဆောင်သင့်ပါသည်။

## မှီငြမ်းကိုးကားထားသော စာတမ်းများ


အေအေအာရ် (ဂျပန်) နှင့် မြန်မာစီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေးအထောက်အကူပြုဌာန၊ မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်း၊ မြန်မာနိုင်ငံလုပ်ငန်းရှင်များအတွက် လက်စွဲစာအုပ်။

ADRA သုတေသန၊ ဆရာ၊ ဆရာမများနှင့် မိဘများ၏ လူတိုင်းအကျုံးဝင် ပညာရေးအပေါ် အတွေ့အကြုံနှင့် အမြင်များအပေါ် သုံးသပ်မှုသုတေသနစစ်တမ်း (၂၀၁၈)။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၅)၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ မသန်စွမ်းမှုကဏ္ဍ၊ သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၃ - ဠ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၅)၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၃ - င)

လူဝင် မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၅)၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ (၃ - စ)

ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ (၂၀၁၅) ၊ မသန်စွမ်းကလေးများအတွက် စာသင်ကြားရာ နေရာလေးတစ်ခု၊ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းကလေးများနှင့် လူတိုင်း အကျုံးဝင်ပညာရေး။

**Kagume Fe lishina Mumbi, Dr. Mugo John Kabutha and Prof Fatuma N. Cheg:** POOR, DISABLED AND UNEMPLOYED: LINKING EDUCATION TO LABOUR ARKET OUTCOMES FOR PERSONS WITH PHYSICAL DISABILITIES IN NYERI, KENYA: pdf: accessed on 1 October 2019

**Grant Carso (2009):** Social Model of Disability: Scottish Accessible Information Forum (SAIF) 2009.pdf: access on 15 April 2019

https://www.snapsurveys.com/blog/qualitative-vs-quantitative-research/: accessed on 30 September 2019

**UNESCO (1994):** THE SALAMANCA STATEMENT AND FRAMEWORK FOR ACTION ON SPECIAL NEEDS EDUCATION: Adopted on WORLD CONFERENCE ON SPECIAL NEEDS EDUCATION: ACCESS AND QUALITY: Salamanca, Spain, 7- 10 June 1994.pdf – accessed on 6 December 2013

## တွေ့ဆုံးမေးမြန်းသည့် မေးခွန်းများ

**တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုအတွက်မေးခွန်းများ**

- ကျေးဇူးပြု၍သင့်ရဲ့ပညာရေးနှင့်ပတ်သက်ပြီးမျှဝေပေးပါ။ (သင် ကလေးဘဝတွင် ကျောင်းသွားခဲ့ပါလား (သို့) မသွားခဲ့ဘူးလား၊ သွားခဲ့ပါလျှင် နောက်ဆုံးသင်တက်ခဲ့တဲ့ အတန်းနဲ့ ဘာကြောင့်ကျောင်းထွက်ခဲ့လဲဆိုတာ ကျေးဇူးပြု၍မျှဝေပေးပါ၊ မသွားခဲ့ဘူး ဆိုလျှင် ဘာကြောင့် ကျောင်းမ သွားခဲ့တာကို ကျေးဇူးပြု၍ မျှဝေပေးပါ)
- ကျေးဇူးပြု၍ ပင်မကျောင်းပညာရေးကို အချိတ်အဆက်မိမိနှင့် လက်ခံရရှိခြင်းအတွက် အတားအဆီးများ အားမျှဝေပေးပါ။
- သင်ဘယ်အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းကို လက်ခံရရှိပါသလဲ၊ ရရှိခဲ့ပါလျှင် ထိုသင်တန်းနှင့် ပတ်သက်ပြီး မျှဝေပေးပါ။
- သင့်ဘဝအသက်မွေးဝမ်းကြောင်းအတွက် အလုပ်တွေကိုရှာခဲ့သလား။ ရှာခဲ့လျှင် အလုပ်များရှာဖွေခြင်းတွင် စိန်ခေါ်မှုများနှင့် အတားအဆီးများကို ကျေးဇူးပြု၍ မျှဝေပေးပါ။ မရှာခဲ့လျှင် ဘာကြောင့် မရှာခဲ့လဲဆိုတာ မျှဝေပေးပါ။
- အတွေ့အကြုံများအပေါ်မှီတည်ပြီး နောင်လာမည့်မျိုးဆက်သစ်များအတွက် ဘာတွေ လုပ်ဆောင်သင့်တယ်ဆိုတာနှင့်ပတ်သက်ပြီး အကြံပြုချက်များနှင့် ထောက်ခံ ချက်များကို ပေးပါ။
- အခြားမျှဝေချင်တာရှိလျှင်မျှဝေးပေးပါ။

**ပင်မကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်များနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းအတွက် မေးခွန်းများ**

- သင့်မြို့နယ်တွင်ရှိသော မသန်စွမ်းများနှင့်မသန်စွမ်းကလေးများရဲ့ ပညာရေးရရှိမှုနှင့် ပတ်သက် ပြီး မျှဝေပေးပါ။
- သူတို့အတွက် ယခုလက်ရှိမှာရော အတိက်မှာပါ ပင်မကျောင်း ပညာရေးတွင် အချိတ်ဆက်မိမိနှင့် လက်ခံရရှိရန် အတားအဆီးများနှင့် စိန်ခေါ်ချက်များကိုကျေးဇူးပြု၍

မျှဝေပေးပါ။ (မှတ်ချက် - ဦးဆောင် ဆွေးနွေးသူသည် ဖြေဆိုတုံ့ပြန်မှုများအား မသန်စွမ်းကလေးများ အချိတ် ဆက်မိခြင်း နှင့်လက်ခံရရှိခြင်းမှ ကန့်သတ်ကာကွယ်ထားသော အတားအဆီးများ အားလုံးကိုအခြေခံကာ စစ်ဆေးတိုင်းတာရမည်။ သူတို့သည် အတားအဆီးများကို အချိတ်အဆက်မိမှုအတွက် အများဆုံး ထောက်ပံ့ပေးနိုင်ရမည်)

- သင်တို့မြို့တွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်တွေရှိပါသလား။ (ရှိလျှင် ထိုအရာနှင့်ပတ်သက်ပြီး မျှဝေပေးပါ)
- သင်တို့မြို့တွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး မျှဝေပေးပါ။
- မသန်စွမ်းသူတွေကသူတို့ဘဝနေထိုင်ခြင်းအတွက် အလုပ်များရှာဖွေခြင်းတွင် မသန်စွမ်းသူများအတွက် စိန်ခေါ်ချက်များနှင့် အတားအဆီးများကို ပြောပြပေးနိုင်ပါသလား။ ထိုစိန်ခေါ်ချက်များနှင့် အတားအဆီးများသည် သူတို့ရဲ့ပညာရေးနှင့် ချိတ်ဆက်မှုရှိပါသလား။
- နောင်အနာဂတ်တွင် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ပင်မပညာရေးတွင် မသန်စွမ်းကလေးများရဲ့ အချိတ်ဆက်မိမိနှင့်လက်ခံနိုင်မှုကို မြှင့်တင်ရန် အကြံပြုချက်ချက်များနှင့် မှတ်ချက်များကို ကျေးဇူးပြု၍ ပေးပါ။

**စီးပွားရေးလုပ်ငန်းရှင်များအတွက် မေးခွန်းများ**

- ကျေးဇူးပြု၍ သင်၏ကိုယ်ပိုင်စီးပွားရေးအကြောင်းကို မျှဝေပေးပါ။
- သင်၏ ကိုယ်ပိုင်စီးပွားရေးတွင် မသန်စွမ်းအလုပ်သမားနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိပါသလား။ ရှိခဲ့လျှင် သင့်ရဲ့အတွေ့အကြုံကို မျှဝေပေးပါ။ မရှိခဲ့လျှင် ဘာ့ကြောင့်သူတို့ကို အလုပ်မခန့်ဖြစ်သည်ကို မျှဝေပေးပါ။
- သူတို့ကို အလုပ်ခန့်ခြင်းနှင့်ဆက်လျဉ်းပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များက ဘာလဲ။

- သူတို့ကို အလုပ်ခန့်ခြင်းနှင့်ဆက်လျှဉ်းပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်မှု များက ဘာလဲ။
- ကျေးဇူးပြု၍ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရန် အကြံပြုချက်များနှင့် မှတ်ချက်များကို ပေးပါ။

သုတေသနမှ ထွက်ရှိခဲ့သည့် အချက်များသည် မသန်စွမ်းကလေးများကျောင်း ပညာရေးရရှိရန်အတွက် ၊ သင့်တင့်လောက်ပတ်သော အလုပ်အကိုင်ရ ရှိရေးတို့တွင် တွေ့ကြုံနေရသော အခက်အခဲအတားအဆီးများ ဖြစ်သည်။

ပြင်သစ်နိုင်ငံဆိုင်ရာ သံအမတ်

မသန်စွမ်းသူများသည်  မြန်မာနိုင်ငံသားတစ်ဦးဖြစ်ခြင်းနှင့် အကျုံးဝင်လာ စေရန်အတွက် ဤကဲ့သို့ယုံကြည်စိတ်ချရသော စာရွက်စာတမ်းများ၊ အချက် အလက်များရရှိပြီး မသန်စွမ်းများ၏ လက်ရှိအခြေအနေကို အမှန်တကယ် ဖွင့်ချနိုင်ရန်အတွက် လွန်ကြီးမားသည့် လိုအပ်ချက်လည်း ဖြစ်ပါသည်။

မန်နေးဂျင်းဒါရိုက်တာ၊ ဒေင်ရိုပ်မြုံ

ဥပဒေကတော့ လိုအပ်တယ်။ အဓိကတော့ ဥပဒေကို အသေးစိတ်ဖော်ပြထားတာ မရှိကြဘူး။ ဥပဒေတွေရှိရင်တော့ အဆင်ပြေပါတယ်။ ဝေပုံကျခွဲတမ်းစနစ်ရှိမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေက မရှောင်ရှားနိုင်ကြတော့ပါဘူး။”

(ကလ- ၀၆)

**Eden Centre for Disabled Children**
**www.edencentre.org**